# ရေးလာတဲ့ပေးစာ



## အယ်ဒီတာခင်ဗျား...

သျှမ်းပြည်တောင်ပိုင်း ပအိုဝ်းရွာများမှ ပအိုဝ်းကလေးငယ်များအား ရန်ကုန်တောင်ဥက္ကလာ အမှတ်(၅)ဝင်းအတွင်းရှိ ပအိုဝ်းဘုန်းကြီးကျောင်းနှင့်ဗဟန်းဟာမစ်တစ်လမ်းရှိ တောင်ကြီး(ပအိုဝ်း)ဘုန်းကြီးကျောင်းများက ပညာသင်ကြားပေးမည်ဟု မိဘများအားကျောင်းသားတဦးလျှင် တနှစ်စာကုန်ကျငွေ ကျပ်တစ်သိန်းနှစ်သောင်းနှင့်ခရီးစားရိတ်အပါအဝင် ကျပ်ငွေတစ်သိန်းလေးသောင်းမှတစ်သိန်းငါး သောင်းအထိတောင်းယူခဲ့သည်။ ရန်ကုန်သို့ခေါ်ဆောင်သွားပြီးအိမ်ဖေါ်အလိုရှိသောအိမ်များနှင့်ဆက်သွယ်၍အိမ်ရှင်မှကျောင်းထားပေးလျှင်ကြိုက်သလိုခိုင်းစေရန်ထည့်ပေးလိုက်ကြသည်။ အချို့ကလေးငယ်များမှာ အသက်(၇) နှစ်မှ အကြီးဆုံး (၁၂-၁၃) နှစ်ခန့်အရွယ်မရောက်သေးသူများဖြစ်ကြသည်။ ထိုကလေးများ၏ မိဘများ ရှာဖွေထည့်ပေးလိုက်သောကျောင်းစားရိတ်ငွေများကိုမူ တာဝန်ယူခေါ်ဆောင်သွားသည့်ဘုန်းတော်ကြီးမှသိမ်းယူလိုက်ပါသည်။ အိမ်ဖေါ်အဖြစ်ခေါ်ဆောင်သွားသောအချို့အိမ်ရှင်များက ကျောင်းထားပေးသလို အချို့အိမ်ရှင်များမှာမူ ကျောင်းမထားပေးပဲ ခိုင်းရုံသက်သက်သာ ခေါ်ဆောင်သွားခဲ့ကြပါသည်။ ကလေးငယ်များမှာ မတရားခိုင်းစေမှု၊ နေထိုင်စားသောက်ရေးအဆင်မပြေမှုတို့ကြောင့်မူလခေါ်ဆောင်လာရာဘုန်းကြီးကျောင်းသို့ပြန်ရောက်သွားသောကလေးငယ်များအား တာဝန်ယူခေါ်ဆောင်ခဲ့သောဘုန်းကြီးမှ သုံးချောင်းပူး ဝါယာကြိုးဖြင့် ရိုက်နှက် ဒဏ်ပေးပါသည်။ နောက်နောင်၎င်းသို့ပြုလုပ်ပါက ဒီထက်ပို ရိုက်မည်ဟု ခြိမ်းခြောက်ကာ အခြားနောက်တစ်အိမ်သို့ ပြောင်းရွှေ့ ပို့လိုက်ပြန်ပါသည်။

နေရပ်သို့ပြန်လိုသောကလေးငယ်များအား နှစ်မကုန်မချင်းနေ စေကာ အချို့ကို ၂ နှစ်မှ ၃ နှစ်အထိ ထမင်းစားကျွန်ခံအဖြစ်နေကြရသည်။ ပညာသင်ပေးသည်ဟုဆိုသော်လည်း အတန်းပညာဟုတ်တိပတ်တိမသင်ကြရပေ။ အချို့မှာစာမေးပွဲကျသဖြင့် ကျောင်းထုတ်ခံရပြီးနေအိမ်တွင်ပင် ကျွန်သက်ရှည်နေကြရသည်။ အချို့မှာ ဘုန်းကြီးကျောင်းပြန်ရောက်လျှင် မိမိနေရပ်သို့ပြန်ရမည်အထင်ဖြင့် တိတ်တဆိတ်ထွက်ပြေးကြသည်။ မသွားတတ် မလာတတ် ယောင်လည်လည်ဖြစ်နေစဉ်ရဲများ၊ စစ်သားများမှတွေ့ရှိ ဖမ်းဆီးခေါ်ဆောင်၍ရဲမွန်သင်တန်းကျောင်းသို့လည်းကောင်း၊ စစ်သားစုဆောင်းရေးတပ်သို့လည်းကောင်းပို့ဆောင်ခြင်းခံကြရသည်။ အချို့ လည်း ဝေးလံသောအရပ်ဒေသများသို့ တဆင့်ရောင်းစားခြင်းကိုခံကြရသည်။

တာဝန်ယူခေါ်ဆောင်သွားသော ဘုန်းကြီးမှ အိမ်ဖေါ်လိုချင်သောအိမ်များ၏လိပ်စာကိုသာယူဆောင်ထားပြီး သွားရောက်ကြည့်ရှုခြင်း၊ ဆိုဆုံးမခြင်း၊ စာလိုက်နိုင် မလိုက်နိုင်စစ်ဆေးခြင်းများနှင့် လိုအပ်ချက်များဖြည့်စွက်ဆောင်ရွက်မှုလုံးဝမရှိပါ။ အရှင်းဆုံးပြောဆိုရလျှင်ကျောင်းနေအရွယ်ကလေးသူငယ်များ၏မိဘများထံမှ ပညာသင်စားရိတ်ယူကာ မနုဿ လူကုန်ကူးလုပ်ငန်းကို ဒေသခံသင်္ကန်းဝတ်ဘုန်းတော်ကြီးများကိုယ်တိုင် လုပ်ကိုင်နေကြသည်။ ဒေသဖွံ့ဖြိုးရေး ဟုကြွေးကြော်ကာ တစ်နှစ်ထက်တစ်နှစ်ဝင်ငွေတိုးစေရန် သင်္ကန်းဝတ်ဘုန်းကြီးများက ကလေးသူငယ်ရရှိရေးကိုသာသူ့ထက်ငါအပြိုင်ကြိုးစားနေကြသည်။

တနှစ်လျှင် ရန်ကုန်ရောက် ထမင်းစားကျွန်ခံကျောင်းသားကလေးသူငယ် (၂၀၀) မှ (၅၀၀) နီးပါးအထိရှိကြပါသည်။ ထိုသို့ဖြစ်ပျက်နေသည်များကို ၄င်းကလေးသူငယ်များ၏မိဘများလည်း မသိရှိနိုင်ပါ။ ထို့အတူဒေသဖွံ့ဖြိုးရေးကိုလုပ်ဆောင်နေပါသည်ဆိုသောအပစ်ရပ် ပအိုဝ်းအထူးဒေသ တာဝန်ခံများမှလည်း မသိရှိကြပါ။ ထို့ကြောင့် သျှမ်းသံတော်ဆင့်မှနေ၍ လက်လှမ်းမီရာ ပအိုဝ်းအထူးဒေသမှ တာဝန်ရှိသူပုဂ္ဂိုလ်များ၊ မိဘများသိရှိရန်နှင့် ကလေးများအားကာကွယ်စောင့်ရှောက်နိုင်ပါရန် လေးစားစွာဖြင့် အကူအညီတောင်းခံလိုက်ရပါတယ်။

**တောင်ပိုင်းသားသျှမ်းကြီး**

"၁၉၄၇ ခုနှစ်က ဗမာပြည်ထောင်စု အမည်ခံတပ်ထားတဲ့ တပြည်ထောင် ပြည်ထောင်စုဘဲ၊ တပါတီအာဏာရှင်စနစ်။ အခုစစ်အစိုးရဆွဲထားတာ ကျနော်တို့လေ့လာပြီးပြီ။ ဘာဖြစ်လာမလဲဆိုရင် ပြည်ထောင်စုလည်းမဟုတ်ဘူး။ တပ်မတော်ကကြီးစိုးထားတဲ့ အမည်ခံပြည်ထောင်စု ဒါဘဲဖြစ်မှာဘဲ၊ စစ်မှန်တဲ့ပြည်ထောင်စုမဖြစ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုရင် အင်္ဂလိပ်စကားပုံလိုပေါ့၊ ဒယ်အိုးထဲမှာပူလို့ မီးဖိုပေါ် ခုန်ချလိုက်သလိုဘဲ။ ခုဖြစ်နေတာက တပ်မတော်က တရားဝင်အစိုးရဖြစ်သွားမှာဘဲ။ တိုင်းပြည်နဲ့လူမျိုးအတွက် ဘာမှဖြစ်လာမှာမဟုတ်ဘူး"

**စဝ်ဟန်ယောင်ဟွေ့**

# နအဖ ဖွဲ့စည်းပုံနဲ့ အတိုက်အခံဘက်ဖွဲ့စည်းပုံ

"စစ်အစိုးရက ညောင်နှစ်ပင်ညီလာခံမှာလမ်းဖွင့်ပေးတဲ့ အပေါ် ကချင်ကအစ အဖွဲ့အစည်းတော်များများ အကြံပြုချက်တွေ တင်သွင်းကြတာရှိတယ်။ ဒီအကြံပြုချက်ထဲကနေ ထည့်သွင်းစဉ်းစား မယ်လို့တော့ကြားတယ်။ သို့သော်လက်တွေ့မှာဘယ်လိုဖြစ်လာမလဲ။ ဒီအကြံပြုချက်တွေထဲက ဘယ်အဆင့်အထိနည်းနည်းပါးပါးလက်ခံ မလဲဆိုတာ ကျနော်တို့မသိနိုင်သေးဘူး။ သို့သော်လည်းဘဲ အကြံပြု ချက်တွေကိုလုံးဝပြစ်ပယ်ပြီး ဆက်သွားဖို့ကလည်း နအဖ အဖို့တော် တော်လေးပြဿနာကြီးတယ်လို့မြင်တယ်။"

"အခြေခံဖြစ်ပေါ်ပုံတွေ ကွဲလွဲခဲ့ကြတော့ ဖွဲ့စည်းပုံတွေက ပေါင်းစည်းရေး တော်တော်ခက်မယ်။ ဘာကြောင့်လဲဆိုတော့ ဖွဲ့စည်းပုံ တစောင်ဖြစ်ဖို့က Process လို့ခေါ်တဲ့ဖြစ်စဉ်ကလဲ အရေးကြီးတယ်။ နောက်ပိုင်းမှာ အတွင်းအနှစ်သာရ substance လဲ အရေးကြီးတယ်။ နအဖ ဖွဲ့စည်းပုံနဲ့ ကျနော်တို့ဖွဲ့စည်းပုံ ဖြစ်စဉ်ကမတူဘူး၊ အနှစ်သာရ မှာလဲကွဲပြားတော့ နှစ်စောင်တစ်စောင်ဖြစ်ဖို့ဆိုတာ သိပ်မလွယ်ဘူးလို့ ကျနော်ထင်တယ်။ နအဖ ဖွဲ့စည်းပုံအတိုင်းဆက်သွားမယ်ဆိုရင် ကျနော်တို့ဖွဲ့စည်းပုံအသုံးပြုဖို့နှစ်နည်းသုံးနည်းရှိပါတယ်။ ပထမဆုံး က အခြေခံဥပဒေကြောင့် အတိုက်အခံ တိုင်းရင်းသားအင်အားစုတွေ ကော ဒီမိုကရေစီအင်အားစုတွေကော အားလုံးက ဒီလုပ်ငန်းစဉ်ပေါ်မှာ ပေါင်းစည်းပြီးတော့ ညီညွတ်ရေးကို တစုံတရာတည်ဆောက်နိုင်တယ်။ ဒုတိယအချက်ကတော့ ဒီမူကိုကိုင်ပြီး နိုင်ငံတကာဖိအားပေးဖို့ အများ ကြီးအသုံးပြုနိုင်ပါတယ်။ နောက်တချက် နအဖ က သူ့မူနဲ့သူ Road Map နဲ့ အတင်းသွားမယ်ဆိုရင် ပြည်သူ့ဆန္ဒခံယူပွဲက လာတော့မှာ။ အဲ့ဒီအချိန်မှာ Yes / No ပေးရမဲ့လူတွေဟာ ကျနော်တို့မူကို လေ့လာ မယ်၊ နအဖ မူလည်းလေ့လာမယ်၊ နှိုင်းယှဉ်ချက်အရ ဆန္ဒမဲတွေပေး တယ်ဆိုရင် နအဖ အဆုံးအဖြတ်က ပြည်သူလက်ထဲ ရောက်သွားမယ် လို့ကျနော်တို့ခန့်မှန်းတယ်။

နအဖ မူနဲ့ ကျနော်တို့မူကို ပြည်သူတွေရာနှုန်းပြည့် နှိုင်းယှဉ် ပြီးလေ့လာဖို့မရပေမဲ့ အစိတ်အပိုင်းလောက်တော့ ရနိုင်ပါတယ်။ သက် ဆိုင်ရာပြည်နယ်အဖွဲ့အစည်းတွေ ကိုယ့်ပြည်သူလူထုကို ရှင်းပြတာရှိ မယ်၊ သတင်းမီဒီယာကနေပြီးတော့အတိုက်အခံရဲ့ဖွဲ့စည်းပုံအကြောင်း အခါအားလျော်စွာရှင်းပြတာရှိမယ်။ဒီနည်းနဲ့ပြည်တွင်းကပြည်သူလူထု ကို အသိပေးနေရတဲ့အခြေအနေမှာရှိနေတော့ ရာနှုန်းပြည့် မရနိုင်ဘူး။"

**ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံမူကြမ်းရေးဆွဲရေးကော်မတီ**
**ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီးခွန်ဥက္ကာ**

# အနာဂတ် ဘားမားအတွက် သော့ချက် ရှမ်းပြည်



Photo : SHAN

*"အကယ်၍ ကွဲပြားသော လူမျိုးပေါင်းစုံအများဆုံးရှိသည့် ရှမ်းပြည်တွင် အခြေခံဥပဒေနှင့် အညီအုပ်ချုပ်သည့်ဒီအစိုးရ တစ်ရပ် အလုပ်မဖြစ်ပါက လူမျိုးစုကွဲပြားခြားနားသောမြန်မာပြည် ကျန်ဒေသ အားလုံးလည်းအလုပ်ဖြစ်မည်မဟုတ်"* ဟုအမေရိကန်ဥပဒေပညာရှင် တဦးက ဂျူလိုင်(၂၉) ရက် အခြေခံဥပဒေ(မူကြမ်း) ပြန်လည်သုံးသပ် ဆွေးနွေးပွဲသို့တက်ရောက်စဉ် ပြောဆိုခဲ့ပါသည်။

*"ပြည်ထောင်စုတခုလုံးတွင် ရှမ်းပြည်သည်အရေးပါဆုံး ပြည် နယ်တခုဖြစ်သောကြောင့် ၄င်း၏မူကြမ်းရေးဆွဲရန်အခက်ခဲဆုံးဖြစ် သည်"* ဟု အင်ဒီယားနားတက္ကသိုလ်မှ ဒေါက်တာဒေးဗစ်ဝီလျံ က ၂၀၀၀ ခုနှစ် အခြေခံဥပဒေဆိုင်ရာကွန်ဖရင့်၌ ဖွဲ့စည်းခဲ့သည့် ရှမ်းပြည် အခြေခံဥပဒေရေးဆွဲရေးကော်မရှင်နှင့် တရက်တာ ဆွေးနွေးစဉ် ကိုးကား ထောက်ပြသွားခဲ့သည်။

ရှမ်းပြည် အခြေခံဥပဒေ ပထမမူကြမ်းကို ၂၀၀၅ တွင် အပြီး ရေးဆွဲနိုင်ခဲ့ပြီး ၄င်း၏နောက်ဆက်တွဲအကြံပြုမှုများအဖြစ် ကွင်းဆင်း လေ့လာခြင်း၊ လူထုသဘောထားများကောက်ခံခြင်းနှင့် တုံ့ပြန် အကြံပြု ချက်များ စုစည်းခြင်းများဖြင့် ဒုတိယ မူကြမ်းဆက်လက်ရေးဆွဲရန် အတွက် ပြင်ဆင်မှုများပြုလုပ်ဆဲဖြစ်သည်။

အခြေခံဥပဒေ ရေးဆွဲသူတဦးက အမေရိကန်ဆီးနိတ်လွှတ် တော်အမတ်ဟောင်း ပက်ထရစ်မွိုင်နီဟန် ၏စကားကိုမှီငြမ်း၍ *"ဦး တည်ချက်ပန်းတိုင်မှာ ရှမ်းပြည်နှင့်ဗမာပြည်ကို လူမျိုးစုများအတွက် လုံခြုံမှုရှိရန်နှင့် လူမျိုးစုများအရေးမှလုံခြုံမှုရှိစေရန်ဖြစ်သည်။"* ဟု ပြောကြားခဲ့သည်။

စစ်အာဏာရှင်အုပ်စိုးသောဗမာနိုင်ငံ၏ လေးပုံတစ်ပုံခန့်ရှိ (၆၇၆,၅၅၃) စတုရန်းကီလိုမီတာ ကျယ်ဝန်းသည့်ရှမ်းပြည်သည် ရှမ်းလူမျိုးအပြင် အခါ၊ ခနော်၊ အင်းသား၊ ကချင်၊ ကယန်း၊ ကိုးကန့်၊ လားဟူ၊ လီဆူး၊ ပလောင်၊ ပအိုဝ်း၊ ဝ စသည့် အခြားပင်မလူမျိုးစု(၁၁)စု

စာမျက်နှာ ၂၄ သို့

# အခြေခံဥပဒေဆိုင်ရာ ပြဿနာ

"ပြည်သူလူထုတရပ်လုံး အုံကြွပေါက်ကွဲပြီးတော့ တောင်းဆိုမှုတွေဖြစ်လာတယ်ဆိုတာဟာ၊ နိုင်ငံတော်အာဏာကို အမိန့်နဲ့ အာဏာတွေထုတ်ပြီးတော့ နိုင်ထက်စီးနင်းပြုမူလို့ အုံကြွမှုဖြစ်လာတာပါပဲ။ (၁၉၇၄) ခု ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေရဲ့ တပါတီ အာဏာရှင်စနစ်ကြောင့် အဓိကဖြစ်တယ်လို့ ပြောရပါလိမ့်မယ်။ဒါဟာဘယ်ကလာတာလဲဆိုတော့(၁၉၆၂) မတ်လ (၂) ရက်စစ်တပ်က အာဏာသိမ်းပြီးတော့ စစ်အာဏာသိမ်းမှုရဲ့အကျိုးဆက်အဖြစ် တဖက်သတ်ရေးဆွဲသွားတဲ့ အခြေခံဥပဒေရဲ့အကျိုးဆက်လို့ ပြောရင်လဲရပါတယ်။"



Photo : DVB

*"သမိုင်းဆိုတာ အနောက်ကိုပြန်ပြီးတော့လျှော့ကျသွားဖို့ မဟုတ်ဘူး။ တဆင့်ပြီးတဆင့် လှေခါးထစ်လိုတက်လာဖို့၊ လူ့ယဉ်ကျေးမှုအဆင့်အတန်းမြင့်လာဖို့၊ ကျနော်တို့ ပြောနေတာ(၇၄)တုန်းက စစ်တပ်စိတ်ကြိုက် ဆွဲချင်သလိုဆွဲ၊ တခြားနိုင်ငံရေးသမားတွေ သဘောထားမတူတဲ့သူတွေကိုလဲဖမ်းဆီး၊ အဲလိုမျိုး ထင်ရာ စိုင်းသွားတဲ့ တပါတီအာဏာရှင်စနစ်"*

(၁၉၄၇)၊ (၁၉၇၄) ဖွဲ့စည်းပုံအခြေခံနှစ်ခုဟာ အဓိကတိုင်းရင်းသားတန်းတူအခွင့်အရေးတွေ၊ ဒီမိုကရေစီအခွင့်အရေးနဲ့ လူ့အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝအာမ မခံနိုင်တဲ့အတွက် နောက်ဆုံးမှာ ရှစ်လေးလုံးတော်လှန်ရေးကြီးဖြစ်ခဲ့ရတာပေါ့၊ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ခုမှာတောင်မှ ပြန်ကြည့်မယ်ဆိုလို့ရှိရင် စစ်တပ်က လေးပုံတပုံ နေရာယူမယ်ဆိုတာ လုံးဝမပါသေးဘူး။

အခု နအဖ ဆွဲနေတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေက အခြေခံကိုက် စစ်တပ်က လေးပုံတပုံဝင်ပြီး နေရာယူမယ်ဆိုတော့၊ ရှစ်လေးလုံးလို အုံကြွမှုကတော့မလွဲမသွေ အနေနဲ့အမြန် ရောက်လာမှာဖြစ်ပါတယ်။ တခါထပ်ပြီးတော့ သွေးထွက်သံယိုမှုတွေ အများကြီးကြုံရမှာဖြစ်ပါတယ်။

**(DVB 5/8/07) မှ ကိုမင်းကိုနိုင်၊**
**(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် အားမေးမြန်းချက်။**

# နအဖ ၏ သွေးတိုးစမ်းမှုလား

ဝ သွေးစည်းညီညွတ်ရေး တပ် မတော် **UWSA** တပ်တွေက စစ်ပြင်နေသလို မြန်မာတပ်တွေဘက်က လည်း ရိက္ခာ၊ လက်နက်ဖြည့်တင်းတာတွေ လူအင်အားတိုးချဲ့တာတွေလဲရှိတယ်လို့ နယ်စပ်အခြေအနေလေ့လာတဲ့ပုဂ္ဂိုလ်တွေကပြောကြပါတယ်။ အခြေအနေကတင်းမာတယ်ဆိုတာထက် စိုးရိမ်မှုတွေနဲ့စစ်ရေးပြင်ဆင်မှုတွေရှိခဲ့တာဖြစ်တယ်။

*"နအဖ စစ်အုပ်စုက ဝ တွေကို ဒီမှာမနေနဲ့ မြောက်ပိုင်းပြန်ဖို့ပြောပါတယ်။ မပြန်ရင်လက်နက်ချရမယ်။ လက်နက်မချရင်တိုက်မယ်လို့ခြိမ်းခြောက်ထားတယ်"*

ဒါပေမဲ့တဘက်မှာလည်း အမျိုးသားညီလာခံမှာ ဝ တပ်ဖွဲ့ကိုယ်စားလှယ်တွေကတက်ရောက်နေပါတယ်။ နောက်ပြီး မြန်မာတပ်အင်အားတိုးချဲ့မှုရှိပေမဲ့ ထိုးစစ်ကြီးလုပ်ရလောက်အောင်ကြီးကြီးမားမား မရှိသေးဘူးလို့စစ်ရေးလေ့လာသူတွေက သုံးသပ်ကြပါတယ်။ လောလောဆယ်တိုက်ပွဲတွေဖြစ်လာဖို့အလားအလာသိပ်နည်းပါတယ်။

ဝ တပ်ဖွဲ့တွေပြောင်းရွှေ့ဖို့ပြောလာတဲ့အပေါ်မှာ သုံးသပ်ချက်တွေလဲ အမျိုးမျိုးထွက်နေကြပါတယ်။ ညောင်နှစ်ပင် ညီလာခံ တက်နေတဲ့ ဝ အဖွဲ့တွေ ကလန်ကဆန်မလုပ် အောင်ဖိအားပေးတာလို့ သုံးသပ်သူတွေရှိသလို ညီလာခံအပြီးလက်နက်ဖြုတ်သိမ်းဖို့လုပ်တဲ့နေရာမှာ လွယ်ကူအောင်ဝတပ်ဖွဲ့တွေ နယ်စပ်မှာတနေရာထဲစုအောင် ပြင်ဆင်တာ လို့သုံးသပ်သူတွေလည်းရှိပါတယ်။

သျှမ်းသံ တော်ဆင့်သတင်းစဉ် အယ်ဒီတာ ဦးခွန်စိုင်းကတော့ ဗမာစစ်တပ်က ဝ တပ်ဖွဲ့နဲ့အိမ်နီးချင်းနိုင်ငံတွေရဲ့ သဘောထားကို တီးခေါက်ကြည့်တာလည်းဖြစ်နိုင်တယ်လို့သုံးသပ်ထားပါတယ်။

*"နံပါတ် ၁ က – ဝ အနေနဲ့ဘယ်လိုတုန့်ပြန်မှာလဲ။ ဒါကိုစမ်းတာလား။ ဝ နဲ့ပတ်သက်ရင်ထိုင်းဘက်ကလည်း ဘယ်လိုသဘောထားမှာလဲ။ တရုတ်ဘက် ဘယ်လိုသဘောထားမှာလဲ။ အဲဒါတွေကိုစမ်းတာလား။ ဒါမှမဟုတ် ထိုးစစ်ဆင်ဖို့ သူတို့တကယ်ပဲလုပ်နေတာလား။ မေးစရာမေးခွန်းတွေထပ် ပေါ်လာပါတယ်။"*

၁၉၈၈ နောက်ပိုင်းမြန်မာစစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲခဲ့တဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေထဲမှာ ဝ အဖွဲ့က လူအင်အား လက်နက်အင်အား အတောင့်တင်းဆုံးဖြစ်ပါတယ်။ ဒါကြောင့်လဲ ဝ ရဲ့ရပ်တည်မှုကို တခြားတိုင်းရင်းသားအဖွဲ့တွေက စောင့်ကြည့်နေတဲ့ အချိန်မှာ အခုလိုစစ်ရေးစိုးရိမ်မှုအခြေအနေတွေဖြစ်လာတာပါပဲ။ ❑

**ရော်နယ်အောင်နိုင် (BBC)**

# ကရင့်အာဇာနည်နေ့ တမြေ့မြေ့

(DVB 12/8/07)

၁၂ ၊ ဩဂုတ် ၊ ၂၀၀၇ မှာကျရောက်တဲ့ (၅၇) နှစ်မြောက် ကရင့်အာဇာနည်နေ့အခမ်းအနားကို **KNLA** တပ်မဟာ(၇)၊ တပ်ရင်း (၂၀၂) ပိုင် တပ်စခန်းတခုမှာ ကျင်းပပြု လုပ်ခဲ့တာဖြစ်ပြီး၊ ဒီမိုကရေစီ အင်အားစု၊ အဖွဲ့အစည်း၊ တိုင်းရင်းသား လူမျိုးစုအဖွဲ့ အစည်းအသီးသီးကခေါင်းဆောင်တွေအပါအဝင် ဧည့်ပရိသတ် စုစုပေါင်း (၆၀၀) ကျော်တက်ရောက်ခဲ့ကြပါတယ်။ အခမ်းအနားမှာကရင်အမျိုးသား သီချင်းကိုသံပြိုင်သီဆိုကြပါတယ်။ ဒီအခမ်းအနားကို ကရင့် အမျိုးသား အစည်းအရုံး **KNU** ဗဟိုဌာနချုပ်က ဦးစီးကျင်းပခဲ့တာဖြစ်ပြီး၊ ကရင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်းရင်းကိုတော့**KNU**အထွေထွေ အတွင်းရေးမှူး ပဒိုမန်းရှာက–



**ကရင့်အာဇာနည်စောဘဦးကြီး**

*"၁၉၅၀ ဩဂုတ်လ (၁၂) ရက်နေ့ကျနော်တို့ အင်းစိန်က ပြန်ဆုတ်ပြီးတော့ ဖာပွန်နယ်ထဲမှာ ထိုကောကူးဆိုတဲ့ရွာကိုရောက်တော့ ဖဆပလ အစိုးရက ဥက္ကဋ္ဌစောဘဦးကြီး ဒီမှာရောက်နေတဲ့ သတင်းကြားလို့သွားတိုက်တော့ ဥက္ကဋ္ဌစောဘဦးကြီး အဲဒီမှာပဲ ကျဆုံး သွားတယ်။ အဲဒီကစပြီး နောက်အစဉ်အဆက်ကျဆုံးသွားတဲ့ အာဇာနည်အားလုံးကို အထိမ်းအမှတ်ပြုတဲ့အနေနဲ့ အဲဒီနေ့ကိုပဲ ကျနော်တို့ လုပ်ကြတာဖြစ်တယ်။"*

ကရင့်အမျိုးသားခေါင်းဆောင် စောဘဦးကြီး ကျဆုံးခဲ့ရတာနဲ့ ပတ်သက်ပြီး ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **KNLA** တပ်မဟာ (၇) တပ်ရင်း (၂၄) တပ်သားစောစိုးက *"ကရင်တမျိုးသားလုံးရဲ့ အဓိကခေါင်းဆောင်ကြီးဖြစ်တယ်လေ။ အားလုံးအတွက် နှမြောတာပေါ့။ကရင်ပြည်ထဲမှာရှိတဲ့လူမျိုးတွေအကုန်လုံးနစ်နာသွားတာပေါ့။"*

ကရင့်တော်လှန်ရေးမပြီးမချင်း ကရင်ပြည်လွတ်လပ်ရေး မရမချင်းကရင်လူမျိုးတွေ စည်းစည်းလုံးလုံးနဲ့ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်သွားကြဖို့ လိုကြောင်း **KNLA** တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်မှူးချုပ် စောဂျော်နီက အခုလိုတိုက်တွန်းပြောဆိုပါတယ်။

*"မပြီးဆုံးသေးတဲ့ ဒီကရင့်တော်လှန်ရေးကို ကျနော်တို့အားလုံးတာဝန်သိသိသစ္စာရှိရှိနဲ့ တိုက်ပွဲဝင်ကြပါ။ကရင်တိုင်းမှာတာဝန်ရှိတယ်။ တော်လှန်ရေးအောင်မြင်တဲ့အထိ စစ်မှန်တဲ့ငြိမ်းချမ်းရေးရတဲ့အထိ တိုက်ပွဲဝင်ကြဖို့မှာကြားချင်တယ်။"*

၅၇ နှစ်မြောက်ကရင့် အာဇာနည်နေ့ အခမ်းအနားကို နော်ဝေးနိုင်ငံ ဒုတိယမြို့တော်ဘာဂင် အပါအဝင် နိုင်ငံတကာရောက် ကရင်လူထုက နေရာအသီးသီးမှာ ကျင်းပခဲ့ကြပါတယ်။

*"ကရင်တွေအနေနဲ့ ဘယ်နေရာပဲရောက်ရောက် ကရင်အမျိုးသားခေါင်းဆောင်ကြီးတွေက–အမျိုးသားတရပ်အနေနဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေရရှိဖို့ တိုက်ပွဲဝင်ပြီးကျဆုံးသွားခဲ့တာကို မမေ့ပါဘူး၊ လေးစားဂုဏ်ယူအလေးပြုလျက်ပါဆိုတဲ့အကြောင်းကျနော်တို့သက်သေပြတဲ့သဘောပါပဲ။"* ဘာဂင်မြို့က ကရင်အာဇာနည်နေ့အခမ်းအနားကိုဦးဆောင်စီစဉ်သူ ကရင်အမျိုးသား ဟီရိုးကရိုက် ပြောပြခဲ့တာပါ။

စာမျက်နှာ ၂၂ မှ

ရောနှောနေထိုင်ကြသည်။ (၁၉၆၂– ၁၉၈၈)မဆလခေတ်အတွင်း တရားဝင်စာရင်းဇယားအရ သျှမ်းပြည်တွင် လူမျိုးပေါင်း(၃၃)မျိုးရှိသည်ဟုဆိုပါသည်။ သို့သော် လက်ရှိစစ်အာဏာရှင်လက်ထက်တွင် (၇၆)မျိုးအထိ အရေအတွက်တိုးများလာခဲ့သည်။ မည်သို့ပင်ဆိုစေ ပညာရှင်များအဖို့ လူမျိုးအရေအတွက် (၂၂) လူမျိုးထက် မပိုကြောင်းကိုသာလက်ခံကြပါသည်။

အချုပ်အားဖြင့် ဗမာပြည်တွင် လူမျိုးပေါင်း(၁၃၅) မျိုးရှိသည်ဟု အုပ်စိုးသူ နအဖ မှစာရင်းထုတ်ချဲ့ကားထားခြင်းသည် လူမျိုးစု (၇၇) မျိုးကို ထပ်ခါဆင့်ကဲ ပြန်လည်ရေတွက်ထားသောကြောင့်ဖြစ်ကြောင်း သုတေသီ ဂါမဏိ ကဌင်း၏ *"ဗမာပြည်လူမျိုးစု (၁၃၅) မျိုးရေတွက်ခြင်း"* သုတေသနစာတမ်း၌ ဖေါ် ပြထားသည်ကိုတွေ့ရသည်။

သျှမ်းပြည်အခြေခံဥပဒေမူကြမ်းကို အခြေခံလမ်းညွှန်မှု(၂)ရပ်အောက်တွင်ရေးဆွဲထားခြင်းဖြစ်သည်။ တခုမှာ ဖက်ဒရယ်ပြည်ထောင်စုမူနှင့် ဗဟိုချုပ်ကိုင်မှုလျော့ရဲသောဒီမိုကရေစီစနစ်ဖွဲ့စည်းပုံ ဖြစ်ပြီး အမျိုးသမီးများအတွက်အချိုးကျကိုယ်စားပြုမှုစနစ်နှင့် လူမျိုးငယ်များအတွက် ဦးစားဘက်လိုက်သောစနစ် ဖြစ်စေရန်ရည်ရွယ်၍ ရေးသားပြုစုထား ခြင်းဖြစ်သည်။

မြန်မာပြည်တခုလုံးတွင် သျှမ်းပြည်သည် နှစ်ပေါင်း (၂၂) နှစ်လုံးလုံးဖက်ဒရယ်စနစ်အုပ်ချုပ်ရေး သမိုင်းအတွေ့အကြုံရှိခဲ့သည်။ (၁၉၂၂–၁၉၄၈)အထိ ၄င်း၏ (၃၃)စော်ဘွားနယ် (နောက်ပိုင်း သျှမ်း၂၁ နယ်နှင့်အခြားလူမျိုးစု ၁၃ နယ်အပါအဝင် ၃၄နယ်)ဖြင့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးခဲ့ကြသည်။ ❑

# ကချင်နဲ့ဝ–နအဖ ထိုးစစ်အတွက် အသင့်ပြင်

တရုတ်နယ်စပ်မှာ နအဖ စစ်အစိုးရနဲ့ လူမျိုးစုလက်နက်ကိုင်တွေအကြား တကျော့ပြန်တိုက်ပွဲကြီးတွေစတင်လာဖို့ တာစူနေတဲ့ အခြေအနေတွေကို ၂၀၀၈ ခုနှစ်အိုလံပစ်ပွဲတော် စတင်နေတဲ့ တရုတ်အစိုးရကသတိနဲ့ စောင့်ကြည့်နေပါတယ်။ နောက်နှစ်အိုလံပစ်ပွဲမတိုင်ခင် စစ်မတိုက်ကြဖို့အတွက် တရုတ်က အလွတ်သဘောတောင်းဆိုထားတယ်လို့ ဆိုပါတယ်။



Photo : KNET

KIO နဲ့ နီးစပ်တဲ့သတင်းရပ်ကွက်တွေအဆိုအရ တရုတ်အစိုးရဟာ KIO ရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်နေပြီး စစ်အစိုးရရဲ့ ဒေသဖွံ့ဖြိုးရေး အစီအစဉ်တွေမှာ ဆက်လက်ပါဝင်ဖို့ KIO ကိုတိုက်တွန်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ဧပြီလက ဗမာစစ်တပ်နဲ့ တရုတ်အရာရှိတွေ ယူနန်ပြည်နယ်ကူမင်းမြို့မှာတွေ့ဆုံခဲ့ကြပြီး တရုတ်နယ်စပ်တလျှောက် လူမျိုးစု လက်နက်ကိုင်တွေနဲ့ စစ်အစိုးရကြားက အခြေအနေကို ဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။ အခုလိုတွေ့ဆုံရာမှာ နယ်စပ်ဝင်ပေါက်တွေကိုပိတ်ထားပြီး သူပုန်တွေကို အဝင်မခံဖို့ စစ်အစိုးရရဲ့ တောင်းဆိုချက်ကို တရုတ်ကလက်မခံငြင်းဆန်ခဲ့ပါတယ်။ အမျိုးသားညီလာခံပြီးလို့ သူပုန်တွေလက်နက်မချရင် နယ်စပ်တလျှောက်ရှိသူပုန်အားလုံးကိုတိုက်မယ်လို့လဲ တရုတ်အရာရှိတွေကိုစစ်အစိုးရကအကြောင်းကြားခဲ့တယ်လို့ ဆိုပါတယ်။ ၁၄ နှစ် ကြာခဲ့ပြီဖြစ်တဲ့ ညီလာခံရဲ့ နောက်ဆုံးအပိုင်းကိုကျင်းပနေချိန်မှာ အင်အားအတောင့်တင်းဆုံးလူမျိုးစုလက်နက်ကိုင်အဖွဲ့နှစ်ခုဖြစ်တဲ့ KIO နဲ့ ဝပြည်သွေးစည်းရေးတပ်မတော် UWSA တို့ဟာ စစ်ရေးစီးပွားရေးအရ နအဖ ရဲ့ ခြိမ်းခြောက်ခြင်းခံနေရတယ်လို့ ဆိုပါတယ်။ စစ်အစိုးရကို ထပ်တလဲလဲ တောင်းဆိုနေတဲ့ ကချင်ပြည်ကိုယ်ပိုင်အုပ်ချုပ်ရေးကို ငြင်းဆန်နေမယ်ဆိုရင် လက်နက်ချဖို့ အကြောင်းမရှိဘူးလို့ KIO ကဆိုပါတယ်။ KIO နဲ့ UWSA တို့အကြားမှာ ဆက်ဆံရေးခိုင်မာနေကြပြီး စစ်အစိုးရ ဆင်နွှဲလာမဲ့ထိုးစစ်အတွက်အသင့်ပြင်ဆင်နေပုံရတယ် လို့နယ်စပ်သတင်းရပ်ကွက်တွေက ဆိုပါတယ်။

နအဖ စစ်အစိုးရရဲ့ တောင်းဆိုမှုအရ လူမျိုးစုလက်နက်ကိုင်အုပ်စုတွေအတွက်အကျိုးဖြစ်ထွန်းတဲ့သစ်တင်ပို့မှုတွေကို တရုတ်အစိုးရက ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်ကတဲက ပိတ်ပင်ထားတဲ့အပြင် တရုတ်ပြည်ထဲဝင်ထွက်သွားလာခွင့်တွေကိုလဲ ကန့်သတ်ထားခဲ့ပါတယ်။

**RFA မှ ကချင်သတင်းဌါန အားမေးမြန်းချက် (11/8/07)**

# လစာ–ရိက္ခာမလုံလောက်မှုကြောင့် ဝတပ်သားများထိုင်းသို့ထွက်ပြေး

သျှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် ထိုင်းနယ်စပ်အနီး မိုင်းယောင်းအခြေစိုက် UWSA ဝတပ်ဖွဲ့ တပ်မဟာ ၂၅၁၈ မှတပ်သားများသည် ရိက္ခာပြတ်လပ်မှု၊ လစာမလုံလောက်မှုများကြုံနေရသဖြင့် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးကြကြောင်း နယ်စပ်သတင်း ရပ်ကွက်က ဆိုပါသည်။

တပ်တွင်း၌ တနေ့တခြား အစားအသောက်မလုံလောက်မှုနှင့်ရင်ဆိုင်လာရသဖြင့် UWSA ဝတပ် တပ်မဟာ ၂၅၁၈ မှ တပ်ရင်းမှူးတဉ်လူ၏ တပ်သား ၂၀ ကျော်သည် ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးခိုလှုံခဲ့ကြသည်ဟုဆိုသည်။

နယ်စပ်ရောက် ဝတပ်သားတစ်ဦးက *"လက်နက်ပါလာတဲ့ နှစ်ယောက်၊ သုံးယောက်က တောထဲမှာဝှက်ထားလိုက်တယ်။ အများစုကတော့ အဝတ်တထည်ကိုယ်တစ်ခုနဲ့ဘဲ ထွက်ပြေးကြတယ်။ ရိက္ခာလည်းမလောက်ဘူး။ အချို့လတွေဆိုရင် လစာမရတာလည်း ရှိတယ်"* ဟုပြော၏။

*"မယ့်အိုင်းမြို့နယ် တဉ်တွမ်းအုပ်စု နမ့်ကုတ်တံတားထိပ် အဝါရောင်လိုင်းကားဂိတ်မှာ သုံးယောက်ဖမ်းမိတယ်။ မိုင်းယောင်း ဖက်ကနေထွက်ပြေးကြတဲ့ စစ်သားက ၂၇ ယောက်ရှိပြီး လမ်းရောက်တော့ ဖရိုဖရဲဖြစ်သွားတယ်လို့ ဒီသုံးယောက်ကပြောတယ်"* ဟု ထိုင်းစစ်တပ်အာဏာပိုင်က ပြောပြ၏။

ပြီးခဲ့သည့် ဇွန်လ ၁၅ ရက်ကလည်း သျှမ်းပြည်အရှေ့တောင်ပိုင်း မိုင်းတုံမြို့နယ်အပစ်ရပ် UWSA ဝ တပ်ဖွဲ့ ဝေ့ရှော်ကန်းဦးစီးသော စစ်ဒေသ ၁၇၁ မှ ဝတပ်သားအချို့နှင့် အရပ်သားမိသားစု အယောက် ၃၀၀ ခန့်ရှိ ၆၅ မိသားစုလည်း လုပ်အားပေးခိုင်းစေမှု ပိုမိုဆိုးဝါးလာသည်ကို မခံနိုင်ကြသဖြင့် ထိုင်းသို့ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ အချို့မှာ ထိုင်းနိုင်ငံ လမ်းပွန်း–လမ်းပန်းအထိ ထွက်ပြေးတိမ်းရှောင်ကြသည် ဟုသိရသည်။ ❑

# နအဖ တပ်ရုပ် ရွှေ့ခိုင်းမှု–ဝတပ်လစ်လျူရှု

ဩဂုတ်လ ၂ ရက်နေ့၌ပင် ပုံပါကျင်အခြေစိုက် ဗျူဟာမှူး ဗိုလ်မှူးကြီး သန်းတင်အောင်က နားကောင်းမူးအုပ်စု ဒေသခံရပ်ရွာ သူကြီးများအားခေါ်ယူကာ ဝ တပ်များတပ်ဆုတ်မည့် သတင်းနှင့်ပတ်သက်၍ ပြင်ပမီဒီယာများသည် မိမိတို့သွေးကွဲအောင် သွေးထိုးနေခြင်းဖြစ်ကြောင်း၊ ၄င်းတို့ထုတ်လွှင့်နေသောသတင်းများကို နားမယောင်မိရန် သတိထားရမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဆိုစေ ညောင်နှစ်ပင်ညီလာခံပြီးဆုံးပါက အခြေခံဥပဒေသစ်တွင် ငါးမြို့နယ် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးမည်ဖြစ်သဖြင့် ဝနယ်မြေသို့ပြန်သွားရမည်ဟုပြောဆိုကြောင်း နယ်စပ်သတင်းကဆိုပါသည်။

အလားတူ ညောင်နှစ်ပင်ညီလာခံပြီးဆုံးပါကသျှမ်းပြည်အရှေ့တောင်ပိုင်းထိုင်းနယ်စပ်တစ်လျှောက်နေထိုင်ကြသော ဝများအား အိမ်ထောင်စုစာရင်းစစ်ဆေးပြီး အိမ်ထောင်စုစာရင်းမရှိဖြစ်ပါက မြောက်ပိုင်း ဝနယ်မြေသို့ပြောင်းရွှေ့သွားရမည်ဖြစ်ကြောင်း တာချီလိတ် နအဖ အာဏာပိုင်များနှင့် နီးစပ်သည့် သတင်းရပ်ကွက်အရ ကြားသိရသည်။

ရေးဆွဲနေဆဲအခြေခံဥပဒေ၌ သျှမ်းပြည်အတွင်း ကိုးကန့်၊ ပအိုဝ်း၊ ပလောင်၊ ဝ နှင့် ဓနုတိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နယ်မြေများအတွက် ၁၉၉၅ က တောင်းဆိုခဲ့ကြစဉ် သံလွင်အရှေ့ဘက်ခြမ်းရှိ မိန်းမိုင်၊ ပန်ဝိုင်၊ ဝမ့်ဖန့်၊ နားဖန်းနှင့် ပန်ယန်း ငါးမြို့နယ်အား ဝ တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေအဖြစ် သတ်မှတ်ပေးခဲ့သည်။

ထို့အပြင် ၁၉၉၀ ခွန်ဆာဦးဆောင်သည့် MTA တပ်ဖွဲ့နှင့် ဝတပ်ဖွဲ့တို့တိုက်ပွဲဖြစ်ပွားပြီးနောက်ပိုင်း ဝလူထုနေထိုင်စားသောက်ရေးအတွက် တောင်ပိုင်းသို့ဆင်းလာခဲ့ကြကြောင်း၊ မြောက်ပိုင်းဝနယ်မြေ၌ဘိန်းတမျိုးတည်းသာ စိုက်ပျိုးနိုင်သည့် မြေဆီလွှာ၊ ရာသီဥတုမျိုးဖြစ်သဖြင့်ဘိန်းမစိုက်ပျိုးရပါကနေနိုင်ကြမည်မဟုတ်ကြောင်းထို့ကြောင့် ရာဘာ၊ လက်ဖက်နှင့် အသီးအနှံများစိုက်ရန် မြေဆီလွှာကောင်းသည့် တောင်ပိုင်းသို့ ဆင်းလာရခြင်းဖြစ်ကြောင်း၊ မြောက်ပိုင်းကို ပြန်ရွှေ့မှာမဟုတ်ကြောင်း၊ တဘက်တလမ်းကလည်း ဝ တပ်ဖွဲ့အနေ ဖြင့်ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းထားသဖြင့် နိုင်ငံတော်အပေါ် အန္တရာယ်ပြုမည်မဟုတ်ကြောင်း ပြီးခဲ့သော ဂျူလိုင် ၂၉ ရက်က ဝပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP လယ်ယာဆည်မြောင်းနှင့် သစ်တောဌာနတာဝန်ခံ ဦးဗွမ်သိန်းမှ RFA ၌ပြောကြားခဲ့သည်။

သို့ဖြစ်၍ နအဖ ကမည်မျှပင် ဝအဖွဲ့အားတပ်ဆုတ်ရန်အမိန့်ပေးဆင့်ဆိုစေကာမူ ဝတပ်ဘက်က မလိုက်နာသည့်အပြင် တိုက်ခိုက်ရန်လိုအပ်ပါက အဆင်သင့်ဖြစ်နေစေရန် တပ်သားသစ်များ စစ်ရေးလေ့ကျင့်ပေးခြင်း၊ စားနပ်ရိက္ခာများ၊ ခဲယမ်းမီးကျောက်များ ပြင်ဆင်ဖြည့်တင်းခြင်းများပြုလုပ်လာရသည်ဟုဆို၏။ ဒေသခံရွာသားတစ်ဦးကလည်း“ရွာသား ၁၀ ယောက်ကို တပ်စိပ်တစ်စိပ်လုပ်ပြီး လေ့ကျင့်ပေးတယ်။ M 21/ M 22 နဲ့ M23 စက်သေနတ်တွေပေးတယ်” ဟုပြောပြသည်။ဂျူလိုင်လအကုန် မိုင်းဆတ်–မိုင်းတုံမြို့နယ်အတွင်းရှိ ဝတပ် များမြောက်ပိုင်းဝနယ်မြေသို့ ပြန်သွားကြရန် နအဖ အစိုးရက ဆင့်ဆို အမိန့်ထုတ်ပြီးနောက်ပိုင်း ဂျူလိုင် ၁၉ မှ ၂၂ ရက်နေ့အထိ UWSA ပန်ဆန်းဌာနချုပ်တွင် ဝ ခေါင်းဆောင်များ အရေးပေါ် အစည်းအဝေး တစ်ရပ်ကျင်းပကာ စစ်အစိုးရညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မည်မဟုတ်ဟူ၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ❑

# နအဖ အမြောက်တပ်သား လားဟူကလေးမအား အဓမ္မပြုကျင့်

လွန်ခဲ့သည့် ဂျူလိုင်လဆန်းပိုင်းက သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံအခြေစိုက် နအဖ အမြောက်တပ်မှ တပ်သားလေးဦးသည် ကျွဲကျောင်းနေသည့် အသက် ၁၀ နှစ်အရွယ် အပြစ်မဲ့လားဟူကလေးမ တစ်ဦးအားအဓမ္မဝိုင်းပြုကျင့်ပြီး ဆေးရုံတင်ရသည့်အခြေအနေအထိ ဖြစ်ခဲ့သဖြင့် ကျိုင်းတုံတမြို့လုံးဟိုးလေးတကျော်ဖြစ်ခဲ့ရကြောင်းကျိုင်းတုံ သတင်းရပ်ကွက်က ဆိုပါသည်။

ပြီးခဲ့သည့် ဂျူလိုင်လ ၄ ရက်နေ့က ကျိုင်းတုံမြို့တောင်ဘက် ၁၄ မိုင်ခန့်အကွာ မိုင်းခွန်အုပ်စု ဖာယန် ရွာမှ အသက် ၁၀ နှစ်အရွယ် လားဟူမိန်းခလေးသည် ရွာပြင်စားကျက်၌ကျွဲကျောင်းနေစဉ် ကျိုင်းတုံ အမြောက်တပ်မှ တပ်ကြပ်ကြီး သိန်းထွန်းနှင့် တပ်သားလေးယောက် သည် ခလေးငယ်အား ဆွမ်းကြီးလောင်း အဓမ္မပြုကျင့်ကြသဖြင့် ကလေးမခများမေ့မျောသွားသည်ဟုဆိုပါသည်။တပ်ကြပ်ကြီးသိန်းထွန်း နှင့်အဖွဲ့လည်း ထိုကလေးမ သေပြီထင်မှတ်ပြီး ချုံပုတ်များခုတ်၍ ကလေးမအား ဖုံးအုပ်ထားခဲ့သည် ဟုဆို၏။

*“အတန်ကြာလို့ခလေးမသတိပြန်လည်လာတော့ချုံအောက်ကနေထွက်လာတာ။ ကံကောင်းလို့ လယ်ကပြန်လာတဲ့ရွာသားတွေ တွေ့လို့ပေါ့။ ခလေးမ အခြေအနေက တော်တော်ဆိုးတယ်။ဆေးရုံတင်ရတာပေါ့။ ဆေးရုံကဆရာ၊ဆရာမတွေလည်းသူ့မကိုသနားလို့ဆေးကုခ တောင်မယူဘူး”* ဟု ကလေးမ၏ ဆွေမျိုးတစ်ဦးကပြောပြသည်။

ဒေသခံတစ်ဦးကလည်း *“ဒီသတင်းကြားတဲ့လူတွေခလေးမကို သနားကြလို့ ဆေးရုံသွားပြီး မုန့်ပဲသားရေစာနဲ့ ငွေကြေးအကူအညီ သွားပေးကြတယ်”* ဟုပြောပြသည်။

တြိဂံစစ်တိုင်းမှူးကလည်း ကလေးမ မိဘထံ ကျပ်ခုနှစ်သိန်းပေးလျော်ပြီး ဤသတင်းဆက်လက်မပေါက်ကြားစေရ ဟုခြိမ်းခြောက် ပြောဆိုခဲ့ကြောင်းလည်း ကျိုင်းတုံတစ်မြို့လုံး ဟိုးလေးတကျော် တီးတိုးသတင်းဖြစ်ခဲ့ကြောင်း သိရပါသည်။ ❑

# လက်နက်ကိုင်ပဋိပက္ခဖြစ်မှာကို တရုတ်စိုးရိမ်

၂၀၀၈ အိုလံပစ်ပွဲတော်လက်ခံကျင်းပဖို့ စိုင်းပြင်းနေတဲ့တရုတ်အစိုးရဟာ ဒီကာလအတွင်း နယ်စပ်မှာလူမျိုးစုတွေနဲ့ ဗမာစစ်အစိုးရအကြား လက်နက်ကိုင်ပဋိပက္ခဖြစ်မလာရအောင်တိုက်တွန်းဆောင်ရွက်နေတယ်လို့ KNG ခေါ် Kachin News Group သတင်းဌာနကဆိုပါတယ်။ အဓိကအားဖြင့် KIO/UWSA တို့ စစ်အစိုးရတို့ရဲ့ ပဋိပက္ခအလားအလာဟာတရုတ်တို့စိုးရိမ်နေရလောက်တဲ့အခြေအနေတကယ်ပဲရှိပါသလား။

တချိန်မှာ ဖြစ်လာနိုင်တဲ့အလားအလာကိုတော့ လုံးဝမပစ်ပယ်နိုင်ဘူးလို့ပြောရပါလိမ့်မယ်။ နယ်စပ်တဝိုက်အဓိက အင်အားစုတွေဖြစ်ကြတဲ့ KIO ကချင်လွတ်လပ်ရေးအဖွဲ့နဲ့ UWSA ဝတပ်ဖွဲ့တို့ဟာ ညောင်နှစ်ပင်ညီလာခံမှာတက်ရောက်နေကြပေမဲ့ အနာဂတ်အတွက်အဆုံးအဖြတ်ပေးရမယ့်အချိန်မရောက်သေးပါဘူး။ စစ်အစိုးရဖက်ကတော့ ညီလာခံ ကအခြေခံဥပဒေရေးဆွဲအကောင်အထည်ဖေါ်ပြီးရင် အပစ်ရပ်အဖွဲ့အစည်းအားလုံးကို လက်နက်စွန့်ခိုင်းမှာ သေချာပါတယ်။

လူမျိုးစုအဖွဲ့တွေကလည်း အဲဒီဖွဲ့စည်းအုပ်ချုပ်ပုံအရ သူတို့ရဲ့ Self Determination လို့ခေါ်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝလိုချင်ကြပါတယ်။ ဒီလိုနှစ်ဖက်လိုလားချက်တွေဖြစ်မလာခဲ့ရင်လက်နက်ကိုင်ပဋိပက္ခတကယ်ပဲပြန်ဖြစ်လာနိုင်ပါတယ်။ KIO ပြောခွင့်ရပုဂ္ဂိုလ်က ဒီကိစ္စမခန့်မှန်းနိုင်ဘူးလို့သာဆိုပါတယ်။ ယတိပြတ်မပြောင်းပါဘူး။

*"KIO ပြောခွင့်ရပုဂ္ဂိုလ်ကတော့ နိုင်ငံရေးသမားပီပီ ထိန်းထိန်းသိမ်းသိမ်းပြောခဲ့ပေမယ့် **Kachin News Group** သတင်းအယ်ဒီတာကိုနော်ဒင် ကတော့ ပဋိပက္ခအလားအလာကို အခုလိုသုံးသပ်ပါတယ်။ **KIO** တို့၊ ဝ တို့လိုလက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေအနေနဲ့ကတိုက်တော့မတိုက်ချင်ပါဘူး။ ဒါပေမဲ့ နအဖ ဖက်ကနေပြီးတော့မှ ဖိအားတွေအများကြီးပေးလာတယ်။ **KIO** ကိုဆိုရင် အကြိမ်ကြိမ်လက်နက်ချခိုင်းတာကြာပြီ။ အဲဒီလိုလက်နက်ချခိုင်းတယ်၊ တဖက်ကလည်း သူတို့တောင်းဆိုထားတဲ့ဟာမျိုးကို စဉ်းစားပေးတာလည်းမရှိဘူး၊ နအဖဖက်ကနေဖိအားပေးလာရင်တော့ မလွှဲမရှောင်သာဖြစ်လာနိုင်တဲ့အခြေအနေတော့ရှိတာပေါ့။"*

လူမျိုးစုအဖွဲ့တွေနဲ့ နအဖ တို့အပစ်အခတ်ရပ်စဲရေးဖြစ်ခဲ့တာကိုယ်နှိုက်က တရုတ်ရဲ့ပယောဂနဲ့မကင်းခဲ့ပါဘူး။ တရုတ်တို့ကသူတို့ရဲ့အကျိုးစီးပွား၊ မဟာဗျူဟာတွေနဲ့ဆက်စပ်ပြီး အပစ်အခတ်ရပ်စဲစေခဲ့တာဖြစ်တယ်။ အခုအခါ အိုလံပစ်ပွဲတော်အတွက် ပြင်ဆင်နေချိန်နိုင်ငံတကာဖိအားပေးမှုမျိုးစုံနဲ့လည်းရင်ဆိုင်နေရတယ်။ တရုတ်နိုင်ငံထဲန်အန်းမင် ကိစ္စကနေသူတောင်းစားတွေဖယ်ရှင်းတဲ့ကိစ္စအထိ နိုင်ငံတကာဖိအားတွေအမျိုးမျိုးပေးလာနေပါတယ်။ ဒီလိုဖိအားတွေ မီးဝိုင်းနေတဲ့ တရုတ်နိုင်ငံအဖို့ အခုနေအခါမျိုးမှာ ဒီနယ်စပ်ဒေသတလျှောက်မှာလည်းပဋိပက္ခအသေးအမွှားတွေကအစလိုလားမှာမဟုတ်ဖူးဆိုတာသေချာနေပါတယ်။

**ဦးကျော်ဇံသာ (VOA 10/08/07)**

# ကျပ်သန်းကျော်တန် အိမ်ဖုန်းအတွက် ပြည်သူများမလျှပ်မယှက်

တာချီလိတ်မြို့လူထုအား နအဖ အာဏာပိုင်များ အိမ်ဖုန်းချပေးမည်ဟုဆိုကာ လျှောက်လွှာတင်ခိုင်းရာ ကျပ်သန်းကျော်တန် (ထိုင်းဘတ်ငွေသောင်းကျော်) ပေးရမည်ဖြစ်သောကြောင့် ပြည်သူအနည်းအကျဉ်းသာတုန့်ပြန်ကြကြောင်း နယ်စပ်သတင်းရပ်ကွက်ကဆိုပါသည်။

ဇွန်လမှစ၍ တာချီလိတ်ကြေးနန်းဆက်သွယ်ရေး အာဏာပိုင်များသည် ဝန်ထမ်းများအား ဦးစားပေး၍ အိမ်ဖုန်းအလုံးရာနှင့်ချီချပေးရာ ဝန်ထမ်းများကမိမိအပိုဝင်ငွေရရှိရေးအတွက် ပြည်သူများထံတဆင့်ပြန်လည်ရောင်းချသည် ဟုဆိုပါသည်။

*"လျှောက်လွှာတင်ဖို့ ဆိုင်ရာရပ်ကွက်၊ ကျေးရွာဥက္ကဌထောက်ခံစာယူခိုင်းတယ်။ ဒါပေမဲ့ဖုန်းတလုံး ကို ၁ သန်း ၆ သိန်းကျပ် (ထိုင်းဘတ်ငွေ ၆၀၀၀၀) လောက်ကျမယ်လို့သတင်းလည်းထွက်လာရော နောက်ဆုံးသတ်မှတ်ရက်အထိလျှောက်လွှာတင်တဲ့လူ နည်းနည်းပဲရှိတယ်"* ဟု ဒေသခံဝန်ထမ်းတစ်ဦးက ပြောပြ၏။

သတ်မှတ်ရက်ကို လေး–ငါးရက် ထပ်တိုးပေးသော်လည်း လျှောက်လွှာတင်သည့်ပြည်သူအနည်းအကျဉ်းသာရှိကြောင်း ဆိုပါသည်။

တာချီလိတ်တွင် ဆွေမျိုးရှိသူ မယ်ဆိုင်မှ သျှမ်းအမျိုးသားတစ်ဦးက *"ထိုင်းဘက်ကချပေးတဲ့ အိမ်ဖုန်းဆိုရင် စပေါ်ကဘတ် ၃၀၀၀၊ ဖုန်းဖိုးက ၁၅၀၀၊ စုစုပေါင်းဘတ် ၄၅၀၀ ဘဲကျတယ်။ ကျပ် ၂ သိန်းတောင်မရှိဘူး။ ၁ ပတ်ဘဲကြာတယ် ဖုန်းချပေးပြီ။ ဖုန်းလိုင်းပျက်တာလည်းမရှိဘူး။ ဖုန်းဆက်မယူတော့ဘူးဆိုရင် စပေါ်ဘတ် ၃၀၀၀ လဲပြန်ပေးတယ်"* ဟုနှိုင်းယှဉ်ပြောပြသည်။

ပြီးခဲ့သည့် မေလကလည်း ကျိုင်းတုံ နအဖ အာဏာပိုင်များက ပြည်သူများအား အိမ်ဖုန်းအလုံး၂၀၀ ချပေးမည်ဟုဆိုကာ တစ်လုံး ၂.၅ သန်းဖြင့်လျှောက်လွှာတင်ခိုင်းခဲ့ဖူးသည်။ ထိုကိစ္စလည်း ယနေ့တိုင်ဖုန်း နှင့် ပတ်သက်သည့်သတင်း တစိုးတစိမျှ ထပ်မကြားရသေးဟု ဖုန်း လျှောက်လွှာတင်သည့် ကျိုင်းတုံသားတစ်ဦးထံမှ သိရသည်။ ❑

# ဝ တပ်ကိုအကဲစမ်း နအဖ ဆက် ကမ်းတက်မို့လား

လွန်ခဲ့သည့်ဂျူလိုင်လလယ်လောက်က သျှမ်းပြည်တောင်ပိုင်းရှိဝတပ်ဖွဲ့များနှင့် ဝ ရွာသားများမြောက်ပိုင်းသို့ တပ်ရုပ်ရွှေ့ပြောင်းရန် ဒေသတွင်း နအဖ တပ်မှသတိပေးအကြောင်းကြားပြီးနောက် သျှမ်းပြည်အရှေ့တောင်ပိုင်း မိုင်းတုံမိုင်းဆတ်မြို့နယ်အတွင်းရှိ ထိုင်းနယ်စပ်တဝိုက်အခြေစိုက် အပစ်ရပ် ဝ တပ်ဖွဲ့နှင့် နအဖ စစ်တပ်တို့အကြားတင်းမာမှုနှင့်စစ်ရေးပြင်ဆင်မှုများ ရှိလာခဲ့ကြသည်။

ဝ တပ်ဖွဲ့တပ်ရုပ်ရေးနှင့် ဝ ရွာသားများပြောင်းရွှေ့ရေးအတွက် ညွှန်ကြားထားသည့်ကိစ္စသွားရောက်ကြည့်ရှုစစ်ဆေးရန် ဩဂုတ်စ် ၁ ရက်နေ့က တြိဂံစစ်တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အမြောက်တပ်ညွှန်ချုပ် ဗိုလ်ချုပ်မြဝင်းတို့မိုင်းတုံ– နားကောင်းမူး သို့ရောက်သွားပြီး ဒေသအတွင်းအောက်ပါ ဝ တပ်မှူး ၃ယောက်အားဖိတ်ခေါ်ဆွေးနွေးတိုက်တွန်းခဲ့သည်။

၁။ စစ်ဒေသ ၁၇၁ တပ်မှူး ဝေရှော်ယင်(ဝေရှော်ကန်း၏ညီ)

၂။ ၄၁၄ တပ်မဟာမှူး ဗမက တာ့ရုန့်

၃။ ချင်းမိုင်ခရိုင်မယ့်အိုင်းမြို့နယ်နှင့် မျက်နှာချင်းဆိုင် မိုင်းယွမ်းဂွင်မှ ၂၅၁၈ တပ်မဟာမှူး တာ့နပ်။

နအဖ တပ်မှူးကြီး ၂ ယောက်က အချက် ၄ ချက်ကို ထပ်မံပြောကြားခဲ့သည်ဟုဆို၏။

က) တောင်ပေါ်တပ်စခန်းများမှ တပ်ရုပ်ပြီး ချိုင့်ဝှမ်းလွင်ပြင်ကျေးရွာများသို့စုစည်းရန်၊

ခ) မြောက်ပိုင်း ဝ နယ်မြေသို့ရွှေ့ပြောင်းရန်

ဂ) ဤနှစ်ချက်ကို လက်မခံပါက တောင်ပိုင်းနယ်မြေ တခုလုံးရှိ ဝ တပ်ဖွဲ့အင်အား အားလုံး၏ထက်ဝက်ခန့်(သို့မဟုတ်)အနည်းဆုံး သုံးပုံတစ်ပုံခန့် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ပြီး ဌါနေပြည်သူ့စစ်များအဖြစ်အသွင်ပြောင်းပစ်ရန် စဉ်းစားပြင်ဆင်ထားစေလိုကြောင်း၊ ခြေမတက်နင်းကြည့်သည့်သဘောဖြင့်သွေးတိုးစမ်းလိုက်သည်။ ဤသည်မှာ နေပြည်တော်စစ်ရုံးချုပ်၏ပေါ်လစီအရ အထက်ညွှန်ကြားချက်မဟုတ်ကြောင်း၊တပ်မတော်အနေနှင့်ဝ တပ်ဖွဲ့အား စစ်ဆင်တိုက်ခိုက်ရန်ရည်ရွယ်ချက်မရှိကြောင်း ကျောသပ်လိုက်သည်။

ဝ တပ်မှူး ၃ ယောက်ကလည်း၄င်းကိစ္စနှင့်ပတ်သက်၍ပန်ဆန်းဌာနချုပ်သို့ အစီရင်ခံထားပြီးဖြစ်ကြောင်း၊ ဗဟိုမှ အကြောင်းမပြန်သေးသဖြင့် နဂိုရှိရင်းစွဲအတိုင်း ဗိုလ်နေမြဲကျားနေမြဲ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း၊ နောက်တချက်မှာ မိမိတို့အိမ်ထောင်သည် မိသားစုနှင့် ဝလူထုစိုက်ပျိုးထားသည့်လယ်ယာခြံမြေကောက်ပဲသီးနှံများလည်း ရိတ်သိမ်းယူငင်ရောင်းချခြင်း မလုပ်ရသေးသည်ကို ကိုယ်ချင်းစာနာစေလိုကြောင်း ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ဝ တပ်မှူး ၃ ယောက်အားဖိအားပေးသည့် နအဖ တပ်မှူး ၂ ယောက်၏တိုက်တွန်းချက်မှာ ဩဂုတ်စ် ၁ ရက်နေ့၌ပင် နားကောင်းမူး အုပ်စု ရွာသူကြီး/ ဥက္ကဋ္ဌများအားရှင်းလင်းခဲ့သည့် ပုံပါကျင် အခြေစိုက် ဗျူဟာမှူး ဗိုလ်မှူးကြီးသန်းတင်အောင်၏ပြောဆိုချက်နှင့်အတူတူဖြစ်သည်ဟုဆို၏။

ဝ တပ်များတပ်ရုပ်ရန်ဝရွာသားများမြောက်ပိုင်းသို့ပြောင်းရွှေ့ရန် နအဖ စစ်အာဏာပိုင်များက ဝ တပ်ဖွဲ့အပေါ် ဩဂုတ်စ်လကုန်နောက်ဆုံးထား၍လိုက်နာဆောင်ရွက်ရမည်ဟု ဂျူလိုင် ၁၇ ရက်နေ့ကတည်းက သတိပေးညွှန်ကြားခဲ့ပြီးနောက်ပိုင်း ဝ တပ်ဘက်ကလည်း ရိက္ခာခြောက်များပြင်ဆင်ထားခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များဖြည့်တင်းထားခြင်း၊ စစ်သားသစ်များစုဆောင်း လက်နက်တပ်ဆင်ခြင်း၊ လက်နက်ကြီးပစ်ကျင့်ခြင်းများပြုလုပ်လာခဲ့၏။ တချိန်တည်းမှာပင် ပန်ဆန်းဌါနချုပ်ထိပ်ပိုင်းခေါင်းဆောင်များအကြား ထွက်ပေါ်လာသော သတင်းစကားအရ နအဖဖိအားပေးသည့်အဆိုပါအချက်သုံးချက်စလုံးကိုဘယ်နည်းနှင့်မဆို UWSA ကလိုက်နာမည်မဟုတ်ဟုဆိုသည်။ နအဖ ဘက်ကလည်း စစ်ကား(၁၀)စီးခန့်(အင်အား ၃၀၀ နီးပါး)မိုင်းတုံအနောက်တောင်ဘက် မိုင်းကျွက်အရပ်ဘက်သို့ဩဂုတ်စ်လ ပထမပတ်အတွင်း ရှေ့တန်းခလရ ၆၅ နေရာအားလုံးတွင် မိုင်းပျင်း ခလရ ၄၃ ဖြင့်ပြောင်းလဲအစားထိုး ပို့ဆောင်နေရာယူစေခဲ့သည်။

အခြားတဖက်တွင်လည်း ထိုင်းစစ်တပ်ဗိုလ်ချုပ်အချို့နှင့် နီးစပ်သည့် ထိုင်းကုန်သည်တစ်ယောက်အား ဝ တပ်ဖွဲ့ထိပ်ပိုင်း ခေါင်းဆောင်နှစ်ဦးက ဩဂုတ်စ် ၂ – ၃ ရက်၌ ခေါ်ယူတွေ့ဆုံပြီး –*"ဝ တပ်ဖွဲ့နှင့် ဗမာစစ်တပ်အကြားတင်းမာမှု ပဋိပက္ခများပေါ်ပေါက်လာပါက ထိုင်းဘက်ကိုအကူအညီတောင်းလိုကြောင်း၊ အကြောင်းမှာ ထိုင်းတို့အနေဖြင့် ဝ တပ်ဖွဲ့နှင့် နှစ်ရှည်လများအဆက်အသွယ်ဖြတ်တောက်ထားပြီး ၁၉၉၉ ကတည်းက နယ်စပ်ပိတ်ပစ်ခဲ့ကြောင်း၊ မိမိတို့လည်းမူးယစ်ဆေးဝါးပိတ်ပင်နှိမ်နင်းရေးတွင် ပါဝင်ပူးပေါင်းလက်တွဲလိုကြောင်း၊ ၂၀၀၅ မှစ၍ SSA သျှမ်းတပ်နှင့်လည်းပစ်ခတ်တိုက်ခိုက်မှု တစ်ခါမျှမရှိတော့ကြောင်း၊ သို့ဖြစ်၍ မိမိတို့ထွက်ပေါက်အတွက် လမ်းဖွင့်ပေးပါရန် အနူးအညွတ်ပန်ကြားလိုကြောင်း"* စသဖြင့် ကြားလူမှတဆင့်ချဉ်းကပ်ခဲ့သည် ဟုဆိုသည်။

ထိုင်းအပေါ် တဖက်တလမ်းမှီခိုနိုင်ရန် လမ်းဖွင့်ပေးဖို့ ဝ ခေါင်းဆောင်များ၏နားဖေါက်ပြောကြားမှုနှင့်ပတ်သက်၍ ထိုင်းစစ်တပ်နှင့်နီးစပ်သောသတင်းရပ်ကွက်တခုက *"ထိုင်းအနေနဲ့ ဗမာစစ်တပ်နဲ့ မျက်နှာပူပြဿနာတက်မှာစိုးလို့ဝကိုလက်ခံလမ်းဖွင့်ပေးရဲမှာမဟုတ်ဖူး။ နောက်တချက် ဝ တပ်ဖွဲ့က မူးယစ်ဆေးဝါးနှိမ်နင်းရေးမှာ ပူးပေါင်းလက်တွဲမယ်ဆိုတာ ဘယ်သူကချက်ချင်းယုံကြည်ရဲမှာလဲ? SSA နဲ့နားလည်မှုယူပြီး SSA နာမည်နဲ့ထိုင်းကိုချဉ်းကပ်ရင်တော့ တမျိုးပေါ့"*ဟုထောက် ပြသည်။

ချင်းမိုင်မြောက်ဘက် ဖုန်မြို့နယ် ထိုင်းနယ်စပ်မှ (ရာနှုန်းပြည့်အတည်မပြုနိုင်သေးသည့်)သတင်းအရ ဗမာစစ်တပ်က ဝ တပ်အား ဩဂုတ်စ် ၁၈ ရက်နောက်ဆုံးထား၍ ရွေးချယ်ရာလမ်း ၃ သွယ်ဖြင့် ထပ်မံအကျပ်ကိုင်လာပြန်သည်ဟုဆို၏။ "နှစ်ပတ်အတွင်း တခုခုကို

*ဆုံးဖြတ်ရွေးချယ်ဘို့ ရာဇသံပေးလိုက်တာကတော့ (၁) **SSA** သျှမ်းတပ်ကိုသွားတိုက်မလား (၂)လက်နက်ချမလား (၃) တောပြန်ခိုပြီး တပ်မတော်ကိုပြန်တိုက်မလား ကြိုက်ရာရွေးနိုင်တယ်...''*ဟု နယ်စပ်ရောက် နားကောင်းမူး ရွာသားတယောက်က ပြောပြသည်။

ထူးခြားချက်တခုမှာ... မေလမှစ၍ မိုင်းတုံအခြေစိုက် နအဖ တပ်ရင်းများက ပြည်သူများအား ရေအားလျှပ်စစ်ရစေမည်ဟု ဆိုကာ တြိဂံစစ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်မှ ကျပ်ငွေသန်းနှစ်ဆယ်ချပေး၍။ တရုတ်ပြည်မှဝယ်ရန်ရှိသော တလုံးလျှင် ၁၂၀ ကီလိုဝပ် ထုတ်လုပ်မည့်ဒိုင်နမိုကြီးသုံးလုံး၏တန်ဖိုး၊ ဓါတ်ကြိုး၊ဓါတ်တိုင်များနှင့် အခြားကရိယာများအားလုံး၏ကုန်ကျငွေ ထိုမျှနှင့်မလောက်ဟုဆိုကာ မြို့နေလူထုအိမ်ခြေသုံးလေးရာအား တအိမ်လျှင် ၁.၅ သိန်းထပ်ကောက်ပြန်သည်။ ဩဂုတ်စ်လအတွင်းမီးလင်းရမည်ဟုပြောထားသည်။ အဆိုပါအကြောင်းပြချက်၏နောက်ကွယ်တွင် စစ်ရေးပြင်ဆင်မှုနှင့် အကျုံးဝင်သည့် ဝါယာလက် ကြေးနန်းဆက်သွယ်ရေး မြေအောက်ခန်းအတွက်ပြုလုပ်ခြင်းဖြစ်၏။

ဂြိုလ်တုမှကြားဖြတ်ဖမ်းယူနားထောင်ခြင်း မလုပ်နိုင်သော အနက်ပေ ၅၀ မြေအောက်ဝါယာလက်အလုပ်ခန်းမှာ ပုံမှန်အားကောင်းသည့်လျှပ်စစ်ဓါတ်အမြဲလိုအပ်သောကြောင့်ဖြစ်သည်ဟုဆို၏။ ဇွန်လဆန်းပိုင်းမှစ၍ ဒေသခံတပ်ရင်းသုံးလေးရင်းက မိုင်းတုံမြို့နယ်အတွင်းချောင်းနှစ်ခုမှရေအားလျှပ်စစ် ၂ ရုံ၊ မြေအောက်ခန်းကြေးနန်းရုံးအတွက် လှိုဏ်ခေါင်းအချို့၊ မြေအောက် ခန်းပေါ်တွင် ဝါးရုံပင်များ ထူထပ်စွာစိုက်ပျိုး စသည့်ပြင်ဆင်မှုများ ဖုတ်ပူမီးတိုက်ကြပ်မတ်လုပ်ဆောင်လာခဲ့သည် ဟုကြားသိရသည်။

မိုင်းဆတ်မြို့နယ်အတွင်းရှိ ၀ ထိန်းချုပ်နယ်မြေအများစုကို နေရာယူထားသည့်စစ်ဒေသ ၁၇၁ အပေါ်နောက်ကွယ်မှ ကြိုးကိုင်ဦးဆောင်သူ ဝေရှော်ကန်းအဖို့ ဖါးကန့်ကျောက်စိမ်းတွင်းအပါအဝင် ဗမာပြည် စီးပွါးရေးကဏ္ဍများတွင် မြောက်များစွာရင်းနှီးမြှုပ်နှံထားသဖြင့် နအဖ ၏ဖိအားကိုအတော်အသင့်လိုက်နာသည့်သဘောဖြင့် တချို့တဝက်လက်နက်ချပေးလိုသည်ဟု အတွင်းသိများကဆို၏။

မည်သို့ပင်ဆိုစေ သျှမ်းပြည်အရှေ့တောင်ပိုင်း ထိုင်းနယ်စပ်တလျှောက်ရှိ ဒေသခံတပ်များနှင့်၀တပ် နှစ်ဖက်စလုံးအဖို့ ထိုးစစ်အတွက်ထက် မိမိကိုယ်ကို လုံခြုံမှုကာကွယ်ရန် ခံစစ်အနေအထားအတွက်ပိုမိုပြင်ဆင်နေပုံရသည် ဟုစစ်ရေးအကဲခတ်များက ကောက်ချက်ချသည်။

၀ တပ်ဖွဲ့ဖက်မှ နောက်ထူးခြားချက်တခုမှာ ရပ်ရွာလူထု အမြဲဖြတ်သန်းလေ့ရှိသော နားကောင်းမူးအရှေ့ဘက် ၅-၆ မိုင်ခန့်ရှိ (နားကောင်းမူးနှင့် **BP 2** နယ်စပ်ကြား)လွယ်ဆန်းတောင်ပေါ်လမ်းအား ၀ တပ်ဖွဲ့က ဩဂုတ်စ် ၅ ရက်နေ့မှစ၍ ပိတ်လိုက်၏။ ''*ဗမာစစ်တပ်နဲ့ပြဿနာဖြစ်ပြီးအခြေအနေတင်းမာလာလို့ စစ်ရေးပြင်ဆင်မှုအတွက်ပိတ်လိုက်ရတယ်''* ဟုနားကောင်းမူးရှိ ၀ အရာရှိတယောက်က ပြောပြသည် ဟုဆိုသည်။

ထိုအဖြစ်အပျက်များနှင့်စပ်လျဉ်း၍ နယ်စပ်အခြေစိုက်စစ်ရေးလေ့လာသူတဦးက *''၀ တပ်နဲ့ဗမာတပ်တင်းမာမှုဟာ သျှမ်းတပ် ထိုင်းတပ်တွေနဲ့လဲယှက်နွယ်နေတယ်။ နအဖ ညောင်နှစ်ပင် ညီလာခံကရေးဆွဲတဲ့ အခြေခံဥပဒေအပြီး အပစ်ရပ်အဖွဲ့တွေကို လက်နက်ဖြုတ်မဲ့ကိစ္စ၊မူးယစ်ဆေးဝါးပြဿနာ၊ နအဖနဲ့တရုတ်တို့ရဲ့အတိုင်အဖေါက်ညီဖိအားပေးမှု၊ ထိုင်းနိုင်ငံရေးအပြောင်းအလဲ...စတာတွေဟာ ဆက်စပ်မှုရှိတာချည်းပဲ''* ဟု သုံးသပ်ပြလေသည်။

၄င်းပြင် တရုတ်ကအိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့်၂၀၀၈ ကမ္ဘာ့အိုလံပစ်အတွက်နယ်စပ်မတည်ငြိမ်မှုကို တရုတ်က မလိုလားသဖြင့် အပစ်ရပ်များ၏တောင်းဆိုလိုလားချက်အချို့အပေါ် နအဖ မှလိုက်လျောပေးရန်တိုက်တွန်းနိုင်သကဲ့သို့၊ နအဖ လည်း ကချင်၊ကိုးကန့်၊ ၀၊ မိုင်းလားတို့လို အပစ်ရပ်တပ်ဖွဲ့များနောက်ကွယ်တွင် ထောက်ခံပံ့ ပိုးမှုမပြုရန်တောင်းဆိုနိုင်သည်။ နောက်ဆုံးအတိုင်းအတာတခုအထိ ၀ တပ်ဖွဲ့နှင့်ပစ်ခတ်ရလျှင်ပင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံကိန်းအရ မူးယစ်မှောင်ခိုသောင်းကျန်းသူများနှင့် တိုက်ခိုက်ရသည်ဟု အကြောင်းပြကြေငြာနိုင်သည် ဟုသုံးသပ်သူများလည်းရှိသည်။

**သျှမ်းသံတော်ဆင့်သတင်းစဉ်**

# နအဖ စစ်သားသစ်စုဆောင်း၊ လူမရလျှင် ငွေသိန်းချီပေးရ

သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့နယ်မိုင်းကောင်ဝ်ကျေးရွာအုပ်စုတွင် နအဖ မှတပ်သားသစ် ကောက်နေကြောင်း၊ တပ်သားသစ်မရှိသည့်ရွာများအတွက် တစ်ယောက်စာ ကျပ်သိန်းချီ ပိုက်ဆံပေးရကြောင်း သျှမ်းပြည်မြောက်ပိုင်း သတင်းရပ်ကွက်က ဆိုပါသည်။

ဂျူလိုင်လ ၁၇ ရက်က တန့်ယန်းအခြေစိုက် နအဖ စစ်တပ်ခလရ ၃၃ မှ ဗိုလ်မှူးဇော်ဇော်နိုင် ဦးဆောင်ကာ တစ်ရွာလျှင် တပ်သားသစ်တစ်ယောက် မရမနေဆင့်ဆိုသည် ဟုဆိုပါသည်။

*''မိုင်းကောင်ဝ်ကျေးရွာအုပ်စုမှာ သျှမ်းရွာသာမက လားဟူ ၂၆ ရွာ၊ ၀ တစ်ရွာ၊ မဲန်း(မြောက်ပိုင်းလားဟူ)တစ်ရွာရှိတယ်။ ဂျူလိုင်လ ၁၇ ကနေ ၂၁ ရက်နေ့အထိ ငါးရက်ဆက်တိုက် ဆင်းကောက်တယ်။ တစ်ရွာတစ်ယောက် ကောက်ပေးရတယ်။ စစ်သားသစ် မရတဲ့ရွာဆိုရင် တစ်ယောက်စာ ကျပ်ငွေ ၃ သိန်း ပေးရတယ်''* ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ဂျူလိုင်လကုန်အထိ ရရှိသည့်သတင်းအရ သျှမ်းရွာများ အနက် ဝမ့်ဝရွာနှင့် ဝမ့်နမ့်ဟင်လုံရွာ နှစ်ရွာအတွက် တပ်သားလုပ်ရန် လူမရှိသဖြင့် တစ်ရွာလျှင် ကျပ် ၃ သိန်းပေးဆောင်ရသည်ဟုဆိုပါသည်။

# နအဖတပ်ပြေး ရွာသားဆိုင်ကယ်လုယူ ပိုင်ရှင်ကိုသတ်

သျှမ်းပြည်တောင်ပိုင်း စကခ ၁၇ လက်အောက်ခံ နမ့်စန်အခြေစိုက် ခမရ ၅၁၀ မှ တပ်ပြေး နှစ်ယောက်သည် ရွာသားတစ်ဦး၏ ဆိုင်ကယ်လုယူပြီး ပိုင်ရှင်ကိုသတ်သွားကြောင်း သျှမ်းပြည်တောင်ပိုင်း သတင်းရပ်ကွက်က ဆိုပါသည်။

ဂျူလိုင်လ ၁၇ ရက်နေ့က နမ့်စန်မြို့နယ် ဟိုင်းလိုက်ကျေးရွာ စခန်းချ ခမရ ၅၁၀ မှတပ်သား ၂ ယောက်သည် MA သေနတ် တစ်လက်နှင့်အတူ တပ်မှထွက်ပြေးပြီးနောက် နမ့်စန်–ခိုလမ်ကားလမ်း မြောက်ဘက် လဲချားမြို့နယ် နားပွဲကျေးရွာအုပ်စု ဝမ့်ဝနှင့် ဝမ့်ဟိုင့်ရွာလမ်းဆုံ၌ လူငယ်တစ်ဦး၏ဆိုင်ကယ်ကို ဓါးပြတိုက်လုယူကာ ပိုင်ရှင်အား ရိုက်သတ်သွားသည် ဟုဆိုပါသည်။

*"အဲဒီလူငယ်က ဒေသခံရွာသားမဟုတ်ဘူး။ ကွန်ဟိန်း ဘက်က လာတဲ့ပုံဘဲ။ တပ်ပြေးနှစ်ယောက်လည်း အခုထိမဖမ်းမိသေးဘူး။ ရွာသားတွေကိုတောက်လျှောက် ဓါးပြဆက်တိုက်သွားနေရင်တော့ ဒုက္ခပါဘဲ"* ဟုဒေသခံတစ်ယောက်ကပြောပြ၏။

နအဖ စစ်အစိုးရဝန်ထမ်းများအနက် စစ်တပ်ဝန်ထမ်းသည် လစာအများဆုံးရသော်လည်း ကုန်ဈေးနှုန်းအဆမတန်ကြီးမြင့်မှုကြောင့် မိသားစုဝမ်းစာမဖူလုံသည့်အပြင် *အရာရှိက အကောင်းစား တပည့်အငတ်ထားဆိုသည့်*အတိုင်း အဆင့်အတန်းကွာခြားမှုကြောင့်လည်း စစ်တပ်အတွင်းတွင်ပင် လူမျိုးရေးခွဲခြားမှုများရှိနေသဖြင့် ဤကဲ့သို့တပ်ပြေးများ လစဉ်ထောင်နှင့်ချီ ရှိသည်ဟု နအဖ တပ်သားနှင့် အမျိုးတော်သူ နမ့်စန်ဒေသခံတစ်ဦးက ပြောပြသည်။ ❑

# တြိဂံဒေသ မူးယစ်ရဲ မဲခေါင်မြစ်တွင်း ပစ်သတ်ခံရ

ဂျူလိုင်လ ၂၁ ရက်နေ့ နံနက် ၈ နာရီက တာချီလိတ်မြို့နယ် ရွှေတြိဂံဒေသ မိုင်းဖုန်း အခြေစိုက်မူးယစ်ရဲ သုံးလေးယောက်သည် အရပ်ဝတ်ဖြင့် ရွှေတြိဂံဒေသ မဲခေါင်မြစ်ကမ်း ပါရာဒိုက်စ်ဟိုတယ်မှ မော်တော်တစ်စီးချောဆွဲသွားပြီး ဟိုတယ်မှ လေးကီလိုမီတာခန့် အကွာ မြစ်အထက်သို့ခုတ်မောင်းဆန်တက်သွားစဉ် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

*"ဒီသုံးလေးယောက် အသတ်မခံရခင်တစ်ရက်က မူးယစ်ကယ်ရီတစ်ဖွဲ့ မော်တော်နဲ့ဆင်းလာမယ် ဆိုတဲ့သတင်းကြားတယ်။ ၂၂ ရက်နေ့ရောက်တော့ ပါရာဒိုက်စ်ဟိုတယ်နဲ့ လေးကီလိုမီတာအကွာလောက်မှာ ရဲအလောင်းတစ်လောင်းနဲ့ ကျည်ဆံပေါက်တွေနဲ့ မော်တော်ကို ထိုင်းရဲတွေတွေ့လို့ လှေနဲ့တင်ပြီး မိုင်းဖုန်းအာဏာပိုင်တွေနားအပ်သွားတယ်"* ဟု မိုင်းဖုန်းဒေသခံတစ်ဦးကပြောပြသည်။

၎င်းကဆက်၍ *"အသံတိတ်သေနတ်နဲ့ပစ်တဲ့ပုံဘဲ။ မော်တော်ပတ်ပတ်လည်မှာ ကျည်ဆံပေါက် ၂၀–၃၀ လောက်ရှိတယ်။ ကျန်တဲ့ဗမာရဲသုံးယောက်လည်း လွတ်ပုံမပေါ်ဘူး။ ဒါပေမဲ့ အလောင်းတော့မတွေ့သေးဘူး"* ဟုပြောသည်။

ပစ်ခတ်သူမှာ ထိုဒေသတဝိုက်လှုပ်ရှားလေ့ရှိသော နော်ခမ်းအဖွဲ့သာဖြစ်နိုင်ကြောင်း မိုင်းဖုန်းဒေသခံများက ပြောကြသည်။

ပစ်သတ်ခံရသည့် မူးယစ်ရဲ လေးယောက်တွင် အရာရှိတစ်ယောက်အပါအဝင် ဗမာသုံးယောက်နှင့် ကုလားတစ်ယောက်ဖြစ်ပြီး တာချီလိတ်အရှေ့ဘက် မဲခေါင်အနောက်ဘက်ကမ်း မိုင်းဖုန်းကျေးရွာအုပ်စု ဝမ့်ပုံရဲစခန်းမှ ပုလိပ်များဖြစ်သည်ဟုဆိုသည်။ ၎င်းတို့အဖွဲ့သည် လွန်ခဲ့သည့် ငါးလ၊ ခြောက်လ ကတည်းက မိုင်းဖုန်းရွာသားများအပေါ် အကြောင်းအမျိုးမျိုးပြပြီး တစ်အိမ်တက်ဆင်း ကြက်၊ ဝက် အစားအသောက်နှင့် ငွေကြေးများခြိမ်းခြောက်တောင်းဆို ညှစ်ယူလေ့ရှိကြောင်း ဒေသခံများကပြောကြသည်။

နအဖမူးယစ်လေးယောက် ပစ်သတ်ခံရမှုနှင့်ပတ်သက်၍ ၂၄ ရက်နေ့ထုတ် ထိုင်းရတ်သတင်းစာတွင်မူ သျှမ်းပြည်တပ်မတော် SSA မှပစ်ခတ်သည်ဟုဖော်ပြထားသော်လည်း SSA ကျိုင်းတုံစစ်မျက်နှာ ဌာနချုပ် လွယ်ကော်ဝမ်းတပ်စခန်းမှ ဒု–ဗိုလ်မှူးကြီးဂွဏ်းဇင့်က မိမိတို့အဖွဲ့၏လက်ချက်မဟုတ်ကြောင်း သျှမ်းသံတော်ဆင့်သို့ပြောကြား၏။

မယ့်ဆိုင်အခြေစိုက် ထိုင်းနယ်စပ်လုံခြုံရေးအရာရှိ တစ်ဦးကလည်း ဘိန်းရာဇာနော်ခမ်းအဖွဲ့အပေါ် နအဖ က ပိုမိုသံသယရှိနေကြောင်း ပြောဆိုသည်။ ၎င်းကဆက်၍ *"၂၀ ရက်နေ့က မူးယစ်ကယ်ရီတစ်ဖွဲ့ မဲခေါင်မြစ်အတိုင်းဆင်းလာမယ့်သတင်းလည်း တကယ်ကြားရတယ်။ ၂၁ ရက်နေ့ကျတော့ မူးယစ်ရဲလေးယောက် တက်သွားတယ်။ ကမ်းကပ်မယ်လုပ်တော့ ပြောက်ကျားဝတ်စုံနဲ့ လူခုနှစ်ယောက်က ဝိုင်းပစ်တယ်တဲ့"* ဟုပြောပြသည်။

နော်ခမ်းဆိုသူသည် ယခင် ခွန်ဆာဦးဆောင်သော MTA တပ်ဖွဲ့မှဖြစ်ပြီး ၁၉၉၆ နအဖထံလက်နက်ချပြီးနောက်ပိုင်း ပြည်သူ့စစ်တပ်ဖွဲ့အဖြစ်ရပ်တည်ကာ တာချီလိတ်ဒေသတစ်ဝိုက် အကြီးစား ဘိန်းရာဇာအဖြစ် နာမည်ကြီးခဲ့သည်။ ၂၀၀၆ ဇန်နဝါရီလ ၁ ရက်က ၎င်း၏နေအိမ်အား နအဖ အာဏာပိုင်များဝင်ရောက်စစ်ဆေးရာ သေနတ် ၁၅၀ ခန့်ဖမ်းဆီးရမိခဲ့ပြီးနောက်ပိုင်း နော်ခမ်းလည်းတောပြန်ခိုကာ ထိုဒေသတစ်ဝိုက်၌ပင် ပုန်းရှိုးကွယ်ရှိုး ပြန်လည်လှုပ်ရှားနေကြောင်း ကြားသိရသည်။

အခင်းဖြစ်ပွားသည့် ပါရာဒိုက်စ် ကာဆီနိုလောင်းကစားဟိုတယ်ဘေးပတ်ပတ်လည်မှာ တောအုပ်များသာဖြစ်ပြီး ထိုင်း၊ လာဘက်မှ ငွေကြေးကြွယ်ဝသူများသာ သွားရောက်တည်းခိုအပန်းဖြေလောင်းကစားလေ့ရှိကြောင်း၊ နအဖအာဏာပိုင်များအား ဆက်သပေးကမ်းနိုင်သောကြောင့် ဟိုတယ်အတွင်းဝင်ရောက်စစ်ဆေးမှု တစ်ခါတစ်လေမျှပင် မရှိခဲ့ဖူးကြောင်းသိရသည်။ ❑

# နအဖတပ် နှင့် တရုတ်ကုန်သည်လက်ချက် သျှမ်းပြည်သစ်တောပျက်

ဒေသခံ နအဖ စစ်တပ်၏ ခွင့်ပြုချက်ဖြင့် တရုတ်လောပန်း လီးကော ဦးဆောင်သောသစ်မှောင်ခိုအဖွဲ့တစ်ဖွဲ့သည် သျှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမြို့နယ်တဝိုက်ရှိ ကျွန်းနှင့်သစ်မာများခုတ်ဖြတ်ရောင်းစားမှုကြောင့် မကြာမီသစ်တောပြုန်းတီးလုနီးပြီဖြစ်ကြောင်း သျှမ်းပြည်တောင်ပိုင်းသတင်းရပ်ကွက်ကဆိုပါသည်။

ကွန်ဟိန်းအရှေ့တောင်ဘက် ၂၅ မိုင်၊ ကျိန်းလုံးကျေးရွာအုပ်စု တောင်ဘက် ၁၅ မိုင်ခန့်အကွာ မိုင် ၂၀ ပတ်လည်ဧရိယာအတွင်း၊ နားတီး–ဝမ့်ဖိုင်ကျေးရွာအုပ်စုကြားရှိကျွန်းသစ်များကိုလည်းကောင်း၊ လွယ်တောင်း၊ လွယ်တီး၊ လွယ်ပန်ပိုင့်တောင်ကြောနှင့်နားတီး–ဆဟန်ကားလမ်းဘေးတစ်လျှောက်တွင်လည်းကောင်း သစ်မာများ ခုတ်ဖြတ်နေသည်ဟု ဆိုပါသည်။

*"၂၀ လက်မကနေ ၄၀ လက်မအကြား လုံးပတ်ရှိတဲ့ သစ်တွေကို နတ်တော်–ပြာသိုလ ကတည်းက ခုတ်လာတာ အခုဆိုသဘာဝ ကျွန်းသစ်တွေကုန်ခါနီးပြီ။ ပျဉ်းကတိုး၊ အင်ကြင်းလို သစ်မာတွေဆက်ခုတ်တုန်းဘဲ။ လာမယ့်သင်္ကြန်ကျချိန်ဆိုရင် ဒီဒေသတဝိုက် သစ်မာတွေကုန်လောက်တယ်"* ဟု ဒေသခံတစ်ဦးကပြောပါသည်။

သစ်ခုတ်ခွင့်ပါမစ်ရ တရုတ် လီးကောသည် ဝမ့်ဖိုင်ကျေးရွာအုပ်စုဥက္ကဋ္ဌသစ် စိုင်းစန္ဒာကျော်နှင့်လက်တွဲကာ သစ်များစိတ်တိုင်းကျခုတ်ဖြတ်ယူကြောင်း သစ်ခုတ်အလုပ်သမားလုပ်ခဲ့ဖူးသူ နယ်စပ်ရောက်ဒေသခံတစ်ဦးက လည်း... *"စိုင်းစန္ဒာကျော်က ရွာသားတွေကို သစ်ခုတ်ခိုင်းတယ်။ နေ့စားခပေးတယ်။ အဲဒီသစ်တွေကို ကွန်ဟိန်းမှာနေတဲ့ လီးကောဆီ တစ်တန်ကျပ် ၆၀၀၀ နဲ့သွားရောင်းပေးတယ်"* ဟုပြောပြသည်။

လီးကောနှင့်အဖွဲ့သည် အဆိုပါသစ်များကို ကျိုင်းတုံ–တာချီလိတ်လမ်းမှ ထိုင်းနိုင်ငံသို့လည်းကောင်း၊ အချို့ကို ရွှေတြိဂံဒေသအထက်မိုင်းဖုန်းမှ မဲခေါင်မြစ်အတိုင်း တရုတ်ပြည်သို့လည်းကောင်း တင်ပို့ရောင်းချကြောင်းဆိုပါသည်။

စိုင်းစန္ဒာကျော်အား ပြီးခဲ့သည့် ၂၀၀၆ နှောင်းပိုင်းကမှ နအဖ အုပ်ချုပ်ရေးယန္တရားက ကျေးရွာအုပ်စုဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ တရုတ်သစ်ကုန်သည် လီးကောမှာမူ ကွန်ဟိန်းသို့ ပြောင်းရွှေ့နေထိုင်သော ကျိုင်းတုံတရုတ်ဖြစ်၏။ ဦးတေဇ၏ ထူးထရိတ်ဒင်းကုမ္ပဏီ သစ်လုပ်ငန်းနှင့်လည်း အဆက်အစပ်ရှိသူဖြစ်ပြီး ဒေသခံ နအဖ စစ်အာဏာပိုင်များအားပေးကမ်းကျွေးမွေးနိုင်သဖြင့် စိတ်တိုင်းကျဆောင်ရွက်နိုင်သူတစ်ဦးဖြစ်သည် ဟုသိရပါသည်။ ❑

# နအဖတပ်ပြေး ထိုင်းရွာသားများဖမ်းမိ

သျှမ်းပြည်အရှေ့တောင်ပိုင်း မိုင်းတုံမြို့နယ်မှ နအဖ တပ်သားလေးယောက်နယ်စပ်သို့ထွက်ပြေးစဉ် အချို့အားရွာသားများဝိုင်းဝန်းဖမ်းဆီးပြီး ထိုင်းစစ်တပ်ထံအပ်နှံရာမှ ထိုင်းတပ်က ၎င်းတို့အနီးမျက်နှာချင်းဆိုင်ရှိ နအဖ ပါခီးတပ်စခန်းသို့ ပြန်လည်အပ်နှံလိုက်ကြောင်း နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

ဇူလိုင်လ ၂၅ ရက်က နားကောင်းမူးအခြေစိုက် နအဖ စစ်တပ် ခလရ ၆၅ မှ ဒု–အရာခံဗိုလ်စိန်လှိုင်နှင့် တပ်သားသုံးယောက် လက်နက်များနှင့်အတူ နယ်စပ်သို့ထွက်ပြေးစဉ် အင်အား ၃၀ ခန့်ရှိ စစ်ကြောင်းတစ်ကြောင်းက ၎င်းတို့နောက် လိုက်လံရှာဖွေရာမှ နယ်စပ်လုံခြုံရေးထိုင်းစစ်စခန်းကို သွားရောက်ဝန်းရံခဲ့သည်အထိဖြစ်သည်ဟု ဆို၏။

*"ကျနော်တို့ဘက်က စတင်ပစ်ခတ်မှုမဖြစ်အောင် ထိန်းခဲ့ရတယ်။အခြေ အနေစောင့်ကြည့်ရင်း နှစ်ဦးနှစ်ဘက် အပစ်အခတ်မရှိဘဲ ပွဲပြီးသွားတယ်"* ဟု နယ်စပ်စောင့်ထိုင်းစစ်တပ်အရာရှိတစ်ဦးက ပြောပြ၏။

တပ်ပြေးလေးယောက်သည် ထိုင်းနယ်စပ်အတွင်းပိုင်း လွယ်အန်ခန်၊ ဝမ့်ပန်မ(သျှမ်း၊ တရုတ်ရွာ) တွင်အစားအသောက်များ သွားတောင်းစားစဉ် အိမ်တစ်အိမ်ပေါ်တက်နေသည့် တပ်ပြေးနှစ်ယောက်ကို ရွာသားများအငိုက်ဝိုင်းဖမ်းမိပြီး ကျန်နှစ်ယောက်မှာ ထွက်ပြေးလွတ်မြောက်သွားသည် ဟုဆိုသည်။

*"တပ်ပြေးနှစ်ယောက်ဆီမှာ လက်ပစ်ဗုံး ၄ လုံးနဲ့ ပစ္စတို တစ်လက်ပါတယ်။ သူတို့လက်နက်အရှည်ကိုတော့ တောထဲမှာဝှက်ထားတယ်တဲ့။ သူတို့ကိုဖမ်းပြီး ထိုင်းစစ်တပ်ဆီသွားအပ်တယ်။ထိုင်းစစ်တပ်က သူတို့နှစ်ယောက်ကို နအဖ ပါခီးတပ်စခန်းဆီပြန်ပို့ပြီလို့ ကြားရတယ်"* ဟု ရွာသားတစ်ဦးက ပြောပြသည်။

နားကောင်းမူးမှ ရွာသားတစ်ယောက်ကလည်း *"အဲဒီ အရာခံဗိုလ်စိန်လှိုင်က ဗမာလူမျိုးမဟုတ်ဘူးနဲ့တူတယ်။ မွန် သို့မဟုတ် ရခိုင်တစ်ခုခုဘဲ။ သူတို့ထွက်မပြေးခင်သုံး၊ လေးရက်က ကျနော်တို့ကို သျှမ်းသူပုန်ဘယ်မှာနေလဲလို့လာမေးတယ်။ လွယ်ဆန်ဇု ဘက်မှာနေတယ်လို့ကြားတယ် လို့ဘဲပြန်ဖြေလိုက်တယ်။ အဲဒီနောက်ပိုင်း သူတို့အဖွဲ့လည်းထွက်ပြေးတော့တာဘဲ"* ဟုပြောပြသည်။

ဇူလိုင်လ ၁၇ ရက်နေ့က နမ့်စန်အခြေစိုက် ခမရ ၅၁၀ မှ တပ်သားနှစ်ယောက်လည်း တပ်မှထွက်ပြေးကာ ပြည်သူတစ်ဦး၏ ဆိုင်ကယ်လုယူပြီး ပိုင်ရှင်ကို ရိုက်သတ်ခဲ့သည်။ ထိုတပ်ပြေးနှစ်ယောက်မှာလည်းလွတ်မြောက်နေဆဲဖြစ်သည် ဟုသိရသည်။ ❑

# သျှမ်းပြည်အလယ်ပိုင်း၌ SSA နှင့် နအဖ စစ်တပ် တိုက်ပွဲဖြစ်

ပြီးခဲ့သည့် ဇူလိုင်လက ကွန်ဟိန်းအခြေစိုက် နအဖနယ်လှည့် စစ်ကြောင်းနှင့် သျှမ်းပြည်တပ်မတော်တို့ အကြိမ်ကြိမ်တိုက်ပွဲဖြစ်ပွား ရာ နှစ်ဦးနှစ်ဘက်အသေအပျောက်များကြောင်း မိုင်းဖုန်ရောက် ကွန် ဟိန်းရွာသားတစ်ဦး၏ပြောပြချက်အရ သိရသည်။

ဇူလိုင်လ ၂၀ ရက်က ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာ အုပ်စုအနောက်ဘက် ဝမ့်ပန်ပက် ပလောင်ရွာ၌ သျှမ်းပြည်တပ်မတော် နယ်လှည့်တပ်ဖွဲ့တစ်ဖွဲ့ နေအိမ်ပေါ် ထမင်းစားနေစဉ် ကွန်ဟိန်းအခြေ စိုက် ခမရ ၅၆၉ နယ်လှည့်စစ်ကြောင်းတစ်ကြောင်းက အလစ်ဝင် ရောက်ပစ်ခတ်ရာ တစ်နာရီခန့်အကြာတိုက်ပွဲဖြစ်ပွားခဲ့သည် ဟုဆိုပါ သည်။ ထိုတိုက်ပွဲတွင် **SSA** တပ်သား ၂ ယောက် ကျဆုံးကာ သေနတ် ၂ လက်ဆုံးရှုံးခဲ့ကြောင်း၊ အပစ်မဲ့ ပလောင်ရွာသား ၆ ယောက် ( ကျား ၄ ၊ မ ၂ ) လည်း သေဆုံးခဲ့ရကြောင်း ၎င်းကဆိုသည်။

*"နောက် ၂ ရက်အကြာ ဇူလိုင်လ ၂၂ ရောက်တော့ ဆိုင်းခေါင်ကျေးရွာအုပ်စုအနောက်ဘက် ၄ မိုင် လောက်အကွာ ဝမ့်ဟမ်း နမ့်လင်းကျောက်ရွာနားမှာ ခမရ ၅၆၉ က စခန်းချနေတုန်း SSA ကဝင် စီးတာ မိနစ် ၂၀ လောက်ထပ်ပစ်ခတ်ကြတယ်။ နအဖ တပ်ဘက်က ဗိုလ်ကြီးတစ်ယောက်နဲ့ တပ်သား ၅ ယောက်ကျတယ်။ ၅ ယောက် ဒဏ်ရာရတယ်။ သေနတ် ၅ လက်ဆုံးတယ်။ SSA ဘက်ကတော့ အသေအပျောက်မရှိဘူးလို့ ကြားရတယ်"* ဟု အခြားတစ်ယောက် ကလည်းပြောပြ၏။

တတိယအကြိမ်တိုက်ပွဲမှာ ဇူလိုင်လ ၂၃ ရက်နေ့ကဖြစ်ပြီး ကျိုင်းခမ်းကျေးရွာအုပ်စုအနောက်ဘက် ၃ မိုင်ခန့်အကွာ ဟိုနားကုန်း လန်းတောင်ပေါ် သျှမ်းရွာအသွားလမ်း ဝမ့်ကျူရွာအနီး လွယ်နားကျူ တောင်၌ဖြစ်ပွားခဲ့သည်။ ဤတိုက်ပွဲတွင်လည်း ခမရ ၅၆၉ စစ်ကြောင်း အား **SSA** မှချုံခိုတိုက်ခိုက်ရာ ခမရ ၅၆၉ မှဗိုလ်တစ်ယောက်အပါအဝင် တပ်သား ၄ ယောက်ကျဆုံးပြီး ၃ ယောက်ဒဏ်ရာရသည် ဟုဆို၏။

ယခုလ ၇ ရက်ကလည်း ထိုခမရ ၅၆၉ စစ်ကြောင်းအား ဆိုင်းခေါင်ကျေးရွာအုပ်စုအနောက်ဘက် ခုနှစ် မိုင် – ရှစ်မိုင်ခန့်အကွာ ဝမ့်နားမွန်ရွာအနီး၌ ဝင်ရောက်ပစ်ခတ်ပြန်သည်။ ဤတိုက်ပွဲတွင်မူ နှစ်ဦးနှစ်ဘက်၏အသေအပျောက်သတင်းကို မကြားသိရ ဟု ယခုလ ၉ ရက်နေ့က နယ်စပ်သို့ရောက်လာသူ ကွန်ဟိန်းမြို့နယ် ဝမ့်ပန်အုပ်စု နမ့်ခမ်းရွာမှ အသက် ၅၄ နှစ်အရွယ် ရွာသားတစ်ယောက်က သျှမ်းသံ တော်ဆင့်သို့ပြောပြသည်။ ❑

**လူထုဘဝနဲ့ နအဖ ထိပ်သီး**



# ဒေါက်တာအေးမောင် နှင့် တွေ့ဆုံမေးမြန်းခန်း

နအဖ ရဲ့ ၂၀၀၈ ခုမှာ ပြည်သူ့ဆန္ဒခံယူ အတည်ပြုမဲ့ အခြေခံဥပဒေဟာ "ဗမာစစ်ဗိုလ်များစိုးမိုးသော ကွာစီပြည်ထောင်စု" (Quasi Federation) ကိုဦးတည်ပါတယ်။ ဒါဟာ ရှေ့မိဘဘိုးဘွားများ တည်ထောင်ခဲ့သောသမ္မတနိုင်ငံဝါဒ(Republicanism)နဲ့ဆန့်ကျင်ဖက်ဖြစ်တယ်။ သမ္မတနိုင်ငံတခုမှာ အချုပ်အခြာအာဏာသည် ပြည်သူမှ ဆင်းသက်တယ်။ ပြည်သူသည်သာလျှင် အချုပ်အခြာ အာဏာပိုင်ဖြစ်တယ်။ နအဖ ရဲ့နိုင်ငံအခြေခံဥပဒေမှာ အချုပ်အခြာအာဏာဟာ "ဗမာလူမျိုးနဲ့ ဗမာစစ်ဗိုလ်များမှဆင်းသက်တယ်" ဗမာစစ်ဗိုလ်များသည်သာလျှင် အချုပ်အခြာအာဏာပိုင်တယ်။ ဒါကြောင့် ငါတို့မိဘဘိုးဘွားများ ၁၉၄၈ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ပြည် ထောင်စုမြန်မာနိုင်ငံဟာ စစ်တပ်ကြီးစိုးတဲ့ စတုတ္ထမြန်မာအင်ပါယာအသွင်ပြောင်းပြီး ရပ်တည်ခရီးဆက်လိမ့်မယ် လို့ယူဆတယ်။

ငါတို့မိဘဘိုးဘွားများ ချမှတ်ခဲ့တဲ့မူမှာ "ပြည်ထောင်စု" မြန်မာနိုင်ငံဖြစ်တယ်။ "ပြည်နယ်စုမြန်မာနိုင်ငံ" မဟုတ်ဖူး။ "ဗမာပြည်မ" တိုင်းများက ကြီးစိုးအုပ်ချုပ်ခြယ်လှယ်သောပြည်နယ်များသည် ဗမာကိုလိုနီများသာဖြစ်တယ်။




Photo : Manager

ရခိုင်ပြည် နိုင်ငံရေးရဲ့လက္ခဏာများဟာ...

(၁) ရခိုင်ပြည်နိုင်ငံရေးသည် မြန်မာ့နိုင်ငံရေး၊ကမ္ဘာ့နိုင်ငံရေးတို့နဲ့ ကင်းကွာနေတယ်။ ပိုမိုနီးစပ်ပွင့်မ်းတီးရန်ကြိုးစားရမယ်။

(၂) ရခိုင်ပြည်နိုင်ငံရေးမှာ လူမျိုးရေးဝါဒီ၊ ဘာသာရေးဝါဒီတွေ စိုးမိုးနေတယ်။

(၃) "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ"ရဲ့ "ပြည်ထောင်စု" ဟူသောအဓိပ္ပါယ် "သမ္မတ" ဟူသောအဓိပ္ပါယ် "မြန်မာ" ဟူသောအဓိပ္ပါယ်၊ "နိုင်ငံ" ဟူသော အဓိပ္ပါယ်တို့ကိုပြတ်ပြတ်ထင်ထင် နားလည်သဘောပေါက်အောင်ကြိုးစားရမည်။

ငါတို့၏ပန်းတိုင်သည် ပြည်ထောင်စုသမ္မတနိုင်ငံ (Federal Republic) တခုဖြစ်တယ်ဆိုတာကို မျက်ခြေမပြတ်သင့်ဘူး။ ဒါကြောင့် သမ္မတနိုင်ငံဝါဒ၊ ပြည်ထောင်စုဝါဒတို့ကိုကြေကြေညက်ညက်နားလည်အောင်ကြိုးစားရမယ်။

(၁) နိုင်ငံတော်၏အချုပ်အခြာအာဏာသည် ပြည်သူမှ ဆင်းသက်ပြီး ပြည်သူသည်သာလျှင် အချုပ်အခြာအာဏာပိုင်သည်။

(၂) အမျိုးဘာသာ၊ဒေသမရွေးပြည်သူတိုင်းသည်တသွေးတသားတည်းဖြစ်သည် တည်းဟူသောနိယာမတရားနှစ်ချက်ကို နှုတ်လုံ၊ နှလုံးလုံ နားလည်ရမယ်။

တချိန်တည်းမှာပဲ အနှောင့်အယှက်အဟန့်အတားတွေ ဖြစ်တဲ့...

(၁) ပဒေသရာဇ်အကြွင်းအကျန်ဝါဒ၊

(၂) စစ်အာဏာရှင်ဝါဒ၊

(၃) ဘာသာရေးဝါဒ၊

(၄) လူမျိုးရေးဝါဒ ...

ဆိုတဲ့ဝါဒဆိုး (၄) ရပ်ကို တိုက်ခိုက်ဖျက်သိမ်းရမယ်။ ဒီလိုတိုက်ခိုက်ဖျက်သိမ်းရာမှာ မြန်မာနိုင်ငံတဝှမ်း၊ ကမ္ဘာတဝှမ်း ဗျူဟာအမျိုးမျိုးနဲ့ အဆင့်ဆင့် ကြိုးစားရမယ်။

တရားမျှတရေး (Justice)၊ တန်းတူညီမျှရေး (Equality)၊ အချုပ်အခြာအာဏာရေး (Sovereignty) စသည်တို့ဟာ မွေးရာပါ အခွင့်အရေးများ (Rights) ဖြစ်တယ်။ အခွင့်အရေး (Privilege) မဟုတ်ဖူး။ ဒါကိုနားလည်ရမယ်။ ဒီနေ့နိုင်ငံရေး တော်လှန်ရေးသမားတွေဟာအခွင့်အာဏာ (Rights) နှင့် အခွင့်ထူး (Privilege) ဆိုတာကို ရောထွေးကျင့်သုံးနေကြတယ်။ ဒါဟာမြန်မာနိုင်ငံရေး ဝေါဟာရ ချို့တဲ့မှုကြောင့်ဖြစ်တယ်။ ❑

**(ရခိုင်သတင်းစဉ်မှကောက်နှုတ်ဖော်ပြချက်)**

## အာဏာသုံးရပ်ပြည့်စုံတဲ့ပြည်ထောင်

"စစ်အစိုးရက ရေးဆွဲနေတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မွန်လူမျိုးတွေအတွက်ထူးဆန်းတာမဟုတ်ပါဘူး။ ကျနော်တို့အမြင်ကတော့ ဒီပြည်ထောင်စုနိုင်ငံထဲမှာ နေထိုင်မယ်ဆိုရင် ကျနော်တို့မွန်လူမျိုးတွေ ကိုယ့်ပြည်နယ်ထဲမှာ ကိုယ့်အစိုးရနဲ့၊ ကိုယ့်ရဲ့လွှတ်တော်နဲ့၊ကိုယ့်ဥပဒေပြုအာဏာတွေနဲ့၊ အာဏာသုံးရပ်စလုံးပြည့်စုံတဲ့ မွန်ပြည်ထောင်စစ်စစ်ကို Federal ပြည်ထောင်စုမှာ ဖြစ်ပေါ်လာဖို့ ဖြစ်တယ်။ ဒါကြောင့် ဝင်ရောက်ဆွေးနွေးတာဖြစ်တယ်။"

**မွန်နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင် ကိုယ်စားလှယ်တဦး**

# ထိုင်းဖွဲ့စည်းပုံဆန္ဒခံယူပွဲ၊ နအဖ နှင့် တက်တက်စင်လွဲ

*“ဇူလိုင် ၁၈ ရက် ၂၀၀၇ နေ့၌ ၁၀ ကြိမ်မြောက်ထပ်မံဆင့်ခေါ် ကျင်းပခဲ့သော၊ နောက်ဆုံးအကြိမ်အပြီး ညောင်နှစ်ပင်ညီလာခံကို စက်တင်ဘာလ ၃ ရက်နေ့တွင်အပြီးသတ်မည်။ ပြီးလျှင် နအဖထိပ်သီးကြီးဗိုလ်သန်းရွှေကညီလာခံကိုယ်စားလှယ်များအား ကြပ်ပြေးနေပြည်တော်သို့ဖိတ်ခေါ် ထမင်းကျွေးမည်။ တစ်လကျော်ကာလအတွင်းနအဖအလိုကျ စစ်ဗိုလ်တမတ်သားပါလီမန် အခြေခံဥပဒေအတွက် ဦးတည်ချက် ၆ ရပ်၊ အခြေခံမူ ၁၀၆ ချက်အတိုင်းပြင်ဆင်ထုတ်နုတ်မှုမရှိကွက်တိကြိုတင်ရေးသားချက်များ ဖတ်ကြားနားထောင်ခဲ့ရသည်”*စသဖြင့် အပစ်ရပ်အဖွဲ့တဖွဲ့မှ ညီလာခံကိုယ်စားလှယ်တစ်ဦးက (၁၇၊၈၊၀၇) နေ့တွင်ပြောပြသည်။

၁၉၉၃ မှစ၍ ၁၄ နှစ်မာရသွန်ညီလာခံမှ မွေးထုတ်လိုက်မည့် အခြေခံဥပဒေကိစ္စကိုရော လမ်းပြမြေပုံအဆင့် ၇ ဆင့်ကိစ္စကိုပါ၊ ဘယ်သူဘာပြောပြော **UN, US, EU, ASEAN** တို့ဘယ်လောက် ခြောက်ခြောက်ချော့ချော့၊ နအဖ ကရိတာပေ့ါ လုပ်ဟန်အတိုင်း၊ ငါ့မြင်းငါစိုင်း၊ ငါ့လှေငါထိုး အရေထူအမာစားမျိုးဖြစ်သည်။

ညီလာခံစတင်သည့်နေ့ညစာစားပွဲ၌ ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်သိန်းစိန်က *“ဒီညီလာခံကိုအခုပြီးစေချင်ရင်ပြီးလို့ရတယ်။ ပြီးစလွယ်နည်းနဲ့နမော်နမဲ့မဖြစ်စေချင်လို့ နည်းနည်းထပ်အချိန်ဆွဲရတာ”* ဟုကြုံးဝါးလိုက်ကြောင်း၊ အမည်မဖော်လိုသူ ၄င်းအပစ်ရပ်ညီလာခံကိုယ်စားလှယ်က ဖောက်သည်ချသည်။

*“ညီလာခံပြီးတာနဲ့အပစ်ရပ်အဖွဲ့တွေလက်နက်ဖြုတ်ရေး ဖိအားပေးဖို့အလားအလာရှိပေမဲ့ အခြားအဖွဲ့တွေထက် ပြည်နယ်အခွင့်အရေး ၁၉ ချက်တင်တဲ့ **KIO** အပေါ် ပိုပြီးစိတ်ခု လက်ညှိုးထိုးတာတွေ့ရတယ်။ ကျုပ်တို့ သုံး–လေးဖွဲ့လောက်ကတော့ ဘယ်နည်းနဲ့မဆိုလက်နက်မချစတမ်း အခိုင်အမာသဘောတူထားကြတယ်”*ဟု ၄င်းတိုင်းရင်းသားခေါင်းဆောင်က ထောက်ပြသည်။

ညောင်နှစ်ပင်အဆုံးသတ်၍ စစ်ဗိုလ်တမတ်သားပါလီမန်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲပြီးပါက ထိုဖွဲ့စည်းပုံအတည်ပြုရန် လူထုဆန္ဒခံယူပွဲ **referendum** ကျင်းပမည့်အဆင့်တခုကို ၄င်းတို့လမ်းပြမြေပုံ ၇ ဆင့်ထဲ နအဖ တို့ထည့်သွင်းထား၏။ ၂၀၀၇ နှစ်နှောင်းပိုင်း(သို့) ၂၀၀၈ နှစ်ဦးပိုင်းတွင်ဖြစ်ဖွယ်ရှိသည် ဟုခန့်မှန်းကြသည်။

ထိုင်းနိုင်ငံ၌ ကျင်းပသည့် (၁၉၊ ၈၊ ၂၀၀၇) အခြေခံဥပဒေမူကြမ်း လူထုဆန္ဒခံယူပွဲနှင့် လေ့လာနိုင်းယှဉ်နိုင်ပါ၏။လက်ခံသဘောတူကြောင်း မဲဆန္ဒပေးသူ ၅၇ ％ ရှိပြီး ၄၂％က လက်မခံကန့်ကွက်ကြောင်း မဲပေးကြသည်။ အတင်းအဓမ္မ ခြိမ်းခြောက်မှု လုံးဝကင်းရှင်းသော လွတ်လပ်စွာမဲဆန္ဒပေးခွင့် / မပေးခွင့်၊ ထောက်ခံခွင့် / ကန့်ကွက်ခွင့် ရှိကြသည်။

မဝေးတော့သည့်အနာဂတ်၌ ဖွဲ့စည်းပုံဆိုင်ရာ လူထုဆန္ဒခံယူပွဲကို နအဖ တို့လုပ်ပေးခဲ့လျှင် ထိုင်းနိုင်ငံပြည်သူလူထုနည်းတူ မိမိအခွင့်အရေးကိုရဲရင့်ပြတ်သားစွာမပြသကြပါက စစ်အာဏာရှင်တစိတ်တပိုင်းအုပ်ချုပ်ရေး သက်ဆိုးရှည်ဦးမည်၊ ဒီမိုကရေစီရေးလူ့အခွင့်အရေး၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များလည်း ရွှေပြည်တော် မျှော်တိုင်းဝေးဦးမည်မလွဲပါကြောင်း။ ❑

# ထိုင်းဘုရင့်အာဏာစက် နိုင်ငံတော်၏ ၂၀၀၇ အခြေခံဥပဒေမူကြမ်းတွင် အောက်ပါအဓိက အနှစ်သာရ ၄ ချက်ပါရှိသည်–

(၁) ပြည်သူလူထု၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်မြှင့်တင်ခြင်း။

(၂) အစိုးရ၏ လက်ဝါးကြီးအုပ် အာဏာချုပ်ကိုင်မှုကိုလျှော့ချပြီး ပြည်သူလူထုလက်ဝယ် အာဏာပိုပေးထားခြင်း။

(၃) နိုင်ငံရေးတွင် ထင်သာမြင်သာရှိမှု၊ ဂုဏဓမ္မ (ရိုးသားတည်ကြည်သော) ကိုယ်ကျင့်တရားနှင့် စရိယဓမ္မ (ကောင်းမြတ်ဖြောင့်မတ်သော) စာရိတ္တတရားပြည့်ဝခြင်း။

(၄) စုံစမ်းစစ်ဆေးနိုင်သော (ကြားနေ) အဖွဲ့အစည်းများအဖို့ လွတ်လပ်မှုခိုင်မာမှုနှင့် အရည်အသွေးရှိစွာ ဆောင်ရွက်နိုင်မှု ပိုရှိလာခြင်း–တို့ဖြစ်သည်။

## လူထုဆန္ဒခံယူပွဲ မဲဆန္ဒသွားပေးကြပါ
## သင်၏ဆန္ဒအတိုင်း (အောက်ပါနေရာလွတ်) မဲပြားပေါ်တွင် ကြက်ခြေခတ်ခြစ်ပါ




### အခြေခံဥပဒေမူကြမ်းအသစ်ကို

လက်ခံ (သို့မဟုတ်) လက်မခံ

၂၀၀၇ ဩဂုတ်စ် ၁၉
နံနက် ၉ နာရီမှ ညနေ ၁၆ နာရီအထိ

- ❑ လူထုဆန္ဒခံယူပွဲ နည်းနာတွေကို–**သိရှိပါ။**
- ❑ စိတ်ဆုံးဖြတ်ချနိုင်အောင် အခြေခံဥပဒေမူကြမ်းအသစ် ရှာဖတ်လေ့လာဖို့–**အလျင်စလိုလုပ်ပါ။**
- ❑ အရည်အသွေးရှိရှိ မိမိအခွင့်အရေးအသုံးချပြီး မဲဆန္ဒသွားပေးဖို့–**တက်သုတ်နှင်ပါ။**

ခေတ်သစ် ရွေးကောက်ပွဲကော်မရှင်
သုစရိုက်ပီပြင်၊ ထင်သာမြင်သာအတိ၊ သမာသမတ်ရှိ

## ဆန္ဒမဲမပေးမီ လုပ်ရမည့်ပြင်ဆင်မှု

**၁–အခြေခံဥပဒေမူကြမ်းကိုလေ့လာထား။**
အခြေခံဥပဒေရဲ့ပုံပန်းသဏ္ဌာန်ကိုသိရှိဖို့ အစဉ်တစိုက်ရှုမြင်နိုင်အောင်တီဗွီကြည့်ရေဒီယိုနားထောင်၊ သတင်းစာဖတ်၊ မိတ်ဆွေ အပေါင်းအသင်းနဲ့နှီးနှောဆွေးနွေးပြီး အဲဒီအခြေခံဥပဒေမူကြမ်းအပေါ် သဘောတူလက်ခံမှုရှိမရှိစဉ်းစားသုံးသပ်။

၂– **မဲဆန္ဒပေးနိုင်တဲ့ အခွင့်အရေး ရှိ–မရှိ** သိဖို့ ခရိုင်ရုံး၊ စည်ပင်ရုံး၊ မြို့နယ်ကောင်စီရုံး၊ ရအဖရုံးတွေဆီသွားပြီး မိမိအမည်စာရင်း (အိမ်ထောင်စုဇယား) သွားကြည့်။

- ★ အမည်မရှိရင် ဖြည့်စွက်ဖို့လျှောက်ထားပါ။
- ★ အမည်တွေပိုလာရင် ထုတ်ပယ်ဖို့လျှောက်ထားပါ။
- ★ နှောင့်နှေးကြန့်ကြာမနေပါနဲ့။

၃– အမျိုးသားမှတ်ပုံတင် အသင့်ပြင်ထား။ (သို့မဟုတ်) အာဏာပိုင်တွေထုတ်ပေးတဲ့မိမိ ဓါတ်ပုံနဲ့မှတ်ပုံတင်အမှတ်ပါရှိတဲ့ အထောက်အထားတစ်ခုခု ပြင်ထားပါ။

၄– ခရိုင်ပြင်ပ အခြားနေရာမှာ မဲဆန္ဒပေးလိုသူတွေအတွက် မိမိအခွင့်အရေးအသုံးချနိုင်တဲ့နေရာသိရှိဖို့ ဗဟိုရွေးကောက်ပွဲအဖွဲ့ဆီဆက်သွယ်မေးမြန်းနိုင်ပါတယ်။

၅– ဆန္ဒမဲသွားပေးကြဖို့ မိဘဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအသင်း ရောင်းရင်းများကို တိုက်တွန်းနှိုးဆော်ပါ။

## မျိုးဆက်မရှိရင်တော်လှန်ရေးပျောက်နိုင်

"ကျနော်တို့ ကရင်နီတပ်မတော်အကြားမှာ ပါတီအကြားမှာ ပြည်သူအကြားမှာက သွေးခွဲမှုအမျိုးမျိုးနဲ့ ရန်သူက လှုပ်ရှားနေတာပေါ့။ အဲဒါကြောင့် ကျနော်တို့စည်းလုံးညီညွတ်မှုမပြိုကွဲဖို့အတွက် အထူးသတိထားဖို့လိုတယ်။ ရန်သူလည်း ဖိအားအမျိုးမျိုးပေးနေတဲ့ကြားမှာ ရန်သူ့ရဲ့အားဖြည့်စေတဲ့ လှုပ်ရှားမှုမျိုးမလုပ်မိဖို့ အဓိကပေါ့။"

"တော်လှန်ရေးမျိုးဆက်ရှိဖို့လိုအပ်တယ်။ မျိုးဆက်မရှိရင် တော်လှန်ရေး ပပျောက်သွားနိုင်တယ်။ ကရင်နီလွတ်လပ်ရေးရဖို့ နောက်မျိုးဆက် အဆက်ဆက်မှာ ဆက်လက်ကြိုးစားသွားကြမယ်။"

၂၀၊၈၊၀၇ (၅၉ နှစ်မြောက် ကရင်နီအမျိုးသားတပ်မတော်နေ့) တွင်ပြောကြားသော KNPP စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူး၏မိန့်ခွန်း

# ဘယ်လိုစုစည်းတည်ဆောက်ကြမလဲ

## ၁) ဦးတည်ချက်နှင့် "ဗျူဟာ" (Strategy)

ဘယ်လိုနိုင်ငံရေး ဆောင်ရွက်ချက်မဆို ဦးတည်ချက်၊ လမ်းစဉ်နဲ့ နိုင်ငံရေး "ဗျူဟာ" လိုအပ်ပါတယ်။ လမ်းကြောင်းနဲ့ ဗျူဟာ မရှိရင် သော်လည်း ကောင်း၊ မှားခဲ့ရင်သော်လည်းကောင်း၊ နိုင်ငံရေးလှုပ်ရှားမှု မအောင်မြင်နိုင်ပါဘူး။

"ဦးတည်ချက်နဲ့ဗျူဟာ"ဟာ အရေးကြီးပါတယ်။ ဗဟုသုတ၊ အသိဉာဏ်နဲ့ အတွေးအခေါ်ရှိပြီး အတွေ့အကြုံရင့်ကျက်သူတွေက ဦးတည်ချက်နဲ့ ဗျူဟာကိုဖေါ်ထုတ်ပေးနိုင်ကြပါတယ်။

## ၂) သတင်း နှင့် ဖြန့်ချိရေး (Information and Distribution)

ပြည်ပရှိ မြန်မာအဖွဲ့အစည်းတိုင်းလိုလိုတွင် သတင်းစုဆောင်းရေးနဲ့ဖြန့်ချိရေးအဖွဲ့ငယ်တွေရှိကြတာကြောင့်ဒီကဏ္ဍဟာ"အား"အရှိဆုံးကဏ္ဍလို့ ဆိုနိုင်ပါတယ်။ သတင်းစုဆောင်းရေးမှာ အားသာမှု ရှိပေမဲ့ ဦးတည်ချက်ခိုင်မာအောင် လမ်းညွှန်မှုပေးရေးနဲ့ဝေဖန်ပိုင်းဖြတ်ကြံဆောင်တွေးတောရေး (Critical Thinking)၊ ဗျူဟာဖေါ်ထုတ်ရေးမှာ အားနည်းမှုရှိတယ်လို့ထင်မိပါတယ်။

ဥပမာ။ (ညီညွတ်ရေးကိုလူတိုင်း ကြားကောင်းအောင်ပြောတတ်ကြပေမဲ့ ဘယ်လိုညီညွတ်ရေးတည်ဆောက်ရမယ်၊ ဘယ်လိုအင်အားတည်ဆောက်ရမယ်ဆိုတဲ့ဖေါ် ပြဆွေးနွေးမှုတွေ) နည်းပါးတယ်လို့ထင်မိပါတယ်။ သူတပါးကို လက်ညှိုးထိုးအပစ်တင်ရုံနဲ့ မပြီးပြည့်စုံပါဘူး၊ အမှားကိုထောက်ပြလိုရင် အမှားကို ဘယ်လိုပြင်ဆင်မယ်ဆိုတာ ဆွေးနွေးနိုင်သူအလွန်ပဲနည်းလှပါတယ်။

မြန်မာ့နိုင်ငံရေးလောကမှာ"လက်ဖက်ရည် ဆိုင်နိုင်ငံရေး" အကျင့်က ဒီနေ့အထိဖိစီးလျက်ရှိပါတယ်။ အာဘောင်အာရင်းသန်သန်နဲ့ ဝါဒအကြောင်းတင်ပြရင်း ဆန့်ကျင်သူတွေကို လက်သီးပုန်းထိုးတဲ့ အကျင့်ကိုမဖျောက်နိုင်ကြသေးပါဘူး။ ဟိုလူကဖြင့်ဖေါက်ပြန်တယ်၊ ဒီလူကဖြင့်အကျင့်မကောင်း၊ မယုံရဆိုတာမျိုးတွေ၊ ပြုပြင်သင့်တာတွေထက် လူချစည်းရုံးတဲ့ဖက်ကို အလေးပေးကြတုန်းရှိပါတယ်။ အပြုထက်အဆိုးမြင်ခြင်းက အားသာနေတာကြောင့်"အဖြစ်" မရှိကြ တော့ပါဘူး။ ဒီအကျင့်ဆိုးကို ဝေဖန်သုံးသပ်ရပ်တန်းကရပ်သင့်ပါပြီ။ အဓိကချို့ယွင်းချက်တခုကတော့ သတင်းနဲ့အတင်းကိုစနစ်တကျမခွဲတတ်ကြသေးပါ။

နိုင်ငံရေးမှာ "စိတ်ခံစားမှု" **Emotion** တခုထဲနဲ့ရှေ့ဆက်လို့မရပါဘူး။ ဖြစ်နိုင်၊ မဖြစ်နိုင်ယုတ္တိနည်း **Logic** နဲ့တားဆီးပိုင်းဖြတ်တတ်ဖို့လိုပါတယ်။

## ၃) ငွေရေးကြေးရေး (Finance)

လှုပ်ရှားမှုတိုင်း ရပ်တည်တိုးတက်နိုင်ဖို့ ငွေကြေးထောက်ပံ့မှု ရှိရပါမယ်။ ငွေကြေးထောက်ပံ့မှုဟာ လှုပ်ရှားမှုနဲ့အဖွဲ့အစည်းတိုင်းရဲ့ ရေသောက်မြစ်ဖြစ်ပါတယ်။ လှုပ်ရှားမှုတခုအတွက် ငွေကြေးရှာဖွေကောက်ခံတဲ့အခါ စနစ် **System** ရှိသင့်သလို ရလာတဲ့ငွေကြေးကို အဖွဲ့အစည်းနဲ့လှုပ်ရှားမှုအတွက်သုံးစွဲတဲ့အခါ မှာလည်း စနစ်နဲ့ စည်းကမ်း **Discipline** ကရှိကိုရှိရပါမယ်။ငွေကြေးကိုလက်ခံသုံးစွဲသူဟာ တာဝန်ယူမှု **Responsibility** နဲ့ တာဝန်ခံမှု **Accountability** အကြောင်းနားလည်ရပါမယ်။ ဒါမှသာယုံကြည်မှု **Credibility** ရနိုင်ပါမယ်။

အင်အားတည်ဆောက်ကြမယ်ဆိုတာကို မဆွေးနွေးခင်မှာ ကိစ္စတရပ်ကိုသုံးသပ်လိုရင်...

(၁) လက်ရှိအနေအထား။

(၂) ရောက်လိုသည့်အနေအထား။

(၃) ကွာခြားချက်ကိုဖြည့်ဆည်းရန်လိုအပ်ချက်များကို အရင်သုံးသပ်သင့်ပါတယ်။

သုံးသပ်ရာမှာ နိုင်ငံရေးဟန်ဆောင်မှုတွေကို ခဏဘေးဖယ်ထားပြီးအရှိကိုအရှိအတိုင်းရဲရဲဝံ့ဝံ့ဝန်ခံဆွေးနွေးဖို့အရေးကြီးပါတယ်။ အမှန်နဲ့လက်ရှိပကတိအနေအထားကိုဝန်မခံရဲရင်မဆိုင်ရဲရင်တိုးတက်မှုနဲ့အောင်မြင်မှုကို မရနိုင်ပါဘူး။

လက်ရှိအနေအထားမှာ ဒီမိုကရေစီတိုက်ပွဲကို ဆင်နွှဲနေကြတဲ့ကျနော်တို့အတိုက်အခံတွေမှာ...ပြောင်းလဲမှုအတွက်လိုအပ်တဲ့ "အင်အား" အဆင့်မရှိပါဘူး။

မြန်မာနိုင်ငံရေးဟာ ဗမာလက်ဝါးကြီးအုပ်ဝါဒ (**Burman hegemonism**) ဖြစ်တယ်။စံအရပြောရရင်မြန်မာ့ကိုလိုနီစနစ်ဖြစ်တယ်။ နိုင်ငံရေးဟူသည်မှာ ပြည်သူကောင်းစားရေးဝါဒဖြစ်သည်လို့ အဓိပ္ပါယ်ဖွင့်ရရင် မြန်မာပြည်မှာ နိုင်ငံရေးဆိုတာမရှိဘူး။ သို့သော် စစ်အစိုးရဟာ အမျိုးသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့များစွာနှင့်ငြိမ်းချမ်းရေးပြုထားတယ်။ ဒါကို ဥပေက္ခာပြုထားလို့မရဘူး။ သိပ်အရေးကြီးတယ်။ ၄၅–နှစ်တိုင်တိုင်အုပ်စိုးလာတဲ့ ဗမာစစ်အစိုးရဟာ အင်မတန်မှ ပရိယာယ်ကြွယ်ဝတယ်။ သံတမန်အတွေ့အကြုံရင့်တယ်။ ဒီမိုကရေစီအုပ်စုတွေဟာ သင်္ဘောပျက်လို့မျောနေတဲ့ သင်္ဘောသားတွေလိုပဲ တယောက်ကိုတယောက်အပြစ်တင်တာကလွဲလို့ဘာမှမလုပ်ဖြစ်ကြဘူး။

ဘိုဘိုကျော်ငြိမ်း
(မဇ္ဈိမဂျာနယ်မှ)

# ရှစ်လေးလုံးပုံရိပ်လွှာ

## EYNG မှ စိုင်းမင်းလွင် နှင့် ဆက်သွယ်မေးမြန်းချက်

သမိုင်းဝင် ရှစ်လေးလုံးလူထုလှုပ်ရှားမှု ဒီမိုကရေစီအရေးတော်ပုံကြီးပေါ်ပေါက်ချိန်က အလယ်တန်းကျောင်းသားဖြစ်ခဲ့ပြီး တောင်ကြီးမြို့သပိတ်စခန်းတွင် အမာခံကျောင်းသားခေါင်းဆောင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်း ဆောင်ခဲ့ကာ ယခုအချိန်တွင် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားအရေးတိုက်ပွဲအတွက် ပြည်တွင်းအခြေစိုက် Ethnic Youth Network Group (EYNG)တွင်ဆက်လက်၍ တက်ကြွစွာ ပါဝင်လှုပ်ရှားနေသူ စိုင်းမင်းလွင်ကိုဆက်သွယ်မေးမြန်းထားပါသည်။

**EYNG** အကိုက ရှစ်လေးလုံးအရေးတော်ပုံမှာ ဘယ်လိုပါဝင်ပတ်သက်ခဲ့သလဲ။

**စိုင်းမင်းလွင်** ၁၉၈၇ ခုနှစ်မှာ မဆလ က ငွေကြေးတွေသိမ်းပိုက်တော့၊ အကုန်ဒုက္ခတွေရောက်တာပေါ့။ ကျနော်တို့မိသားစုရော အရမ်းဒုက္ခရောက်ခဲ့တယ်။ အဲဒီကတည်းက ကျနော်က စိတ်တကြွကြွဖြစ်နေတာ။ အဲအချိန်ကျနော်က လူမှန်းသူမှန်းသိခါစ အသက် ၁၃ နှစ်ရှိပြီ။ အဲနောက်ပိုင်းမှာ ၈၈ အရေးတော်ပုံဖြစ်တော့ ကျနော်ရေဒီယိုနားထောင်တယ်။ လုံးဝသည်းမခံနိုင်တဲ့ အခြေအနေဖြစ်တယ်။ နောက်အထွဋ်အထိပ်ရောက်လာတာက ၈၈ အာဇာနည်နေ့မှာ အချုပ်ကားကြီးကနေသယ်ဆောင်သွားလို့လူအားလုံး ၄၀ လောက်သေသွားတယ်။ အဲဒါကြားတော့ အထွဋ်အထိပ်ရောက်ပြီပေါ့။ တားလို့မရတဲ့အခြေအနေမှာ ၈ ရက် ၈ လ ၈၈ ရှစ်လေးလုံးနေ့မှာပဲ ကျနော်အလယ်တန်းကျောင်းသားဘဝနဲ့ထွက်တော့ ရှေ့ဆုံးကနေပေ့ါဗျာ။

**EYNG** ၈၈ မတိုင်ခင်ကရော ဘာလှုပ်ရှားမှုတွေလုပ်သေးလဲ။

**စိုင်းမင်းလွင်** အရေးတော်ပုံမတိုင်ခင် ကျနော်ကကျောင်းသားပဲ ဘာရယ်လို့တိတိကျကျ မရှိဘူး။

**EYNG** အာဏာသိမ်းပြီးနောက်သေသူသေ အဖမ်းခံရသူခံရ ပြည်ပထွက်သူကထွက် တောထဲဝင်သွားသူကဝင်သွားနဲ့ကျောင်းသားလူငယ်တွေကြားမှာ ဒါမျိုးတွေဖြစ်ခဲ့ကြတယ်။ အကိုအခြေအနေကရော ဘယ်လိုရှိခဲ့ပါသလဲ။

**စိုင်းမင်းလွင်** ကျနော်တို့သပိတ်စခန်းမှာကျောင်းသားခေါင်းဆောင်အမာခံရွေးသေးတယ်။ ကျနော်လည်း အရွေးခံရတယ်။ အာဏာသိမ်းမယ့်ညနေမှာကျနော်အိမ်ခဏပြန်တဲ့အခါအိမ်ကလည်းတားတော့တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ စစ်အာဏာသိမ်းပြီးသူတို့(အိမ်သားများ)ကလောဘက်နေပြန်လာတော့လေ တောင်ကြီးမှာစစ်ကားတွေ ဟိုးအောက်မှာတွေ့ခဲ့တာကိုး။ အဲနောက်ပိုင်း မုန့်လာယူဆိုပြီးအိမ်ကခေါ်တော့ ပေးမထွက်တော့ဘူး။ တကယ်တော့မုန့်သွားယူတာ။ အိမ်ရောက်တော့ ထွက်လို့မရဖြစ်သွားတယ်။ အဲညမှာပဲသပိတ်စခန်းဝင်ပြီးတော့ကျန်ခဲ့တဲ့ရဲဘော်တွေ အကုန်သေတာပဲ။

**EYNG** အကိုကဗမာပြည်ကိုဘယ်လိုမျိုးမြင်ချင်ပါသလဲ။

**စိုင်းမင်းလွင်** ပထမတော့ကျနော်ဒီမိုကရေစီအရေးလို့ကျနော်တို့တည်ခဲ့တာပါ။ နောက်ပိုင်း ကိုယ်တိုင်ကလည်း တိုင်းရင်းသားဒေသတွေရောက်၊ တိုင်းရင်းသားလည်းဖြစ်ပြန်၊ ဆရာသမားတွေဖြစ်တဲ့ ကျနော်တို့သျှမ်းပြည်က ဦးထွန်းမြင့်(တောင်ကြီး)၊ ဦးညွန့်မောင်တို့ ပင်လုံစာချုပ်ချုပ်တဲ့ပုဂ္ဂိုလ်တွေနဲ့တွေ့တဲ့အခါမှာ ကျနော်တို့ကဒီမိုကရေစီအရေးတွေသာမကတော့ဘူး။ တိုင်းရင်းသားအရေးနဲ့ ဒီမိုကရေစီအရေးကို ကျနော်လုပ်နေခြင်းဖြစ်တယ်။

ဒီမိုကရေစီစနစ်ဆိုတာ တိုင်းရင်းသားအခွင့်အရေး မပါဘဲနဲ့တော့ဘာဒီမိုကရေစီဖြစ်လာဖြစ်လာ ကျနော်တို့တိုင်းရင်းသား အခွင့်အရေးတွေ အပြည့်အဝရှိရမယ်။ စစ်မှန်တဲ့ဖက်ဒရယ်ဒီမိုကရေစီ ဆိုတာတော့ ကျနော်တို့ရည်မှန်းချက်ပဲ။ ဖက်ဒရယ်ဆိုတဲ့အခါမှာ ကျနော်တို့က Constiotution လည်းမဟုတ်ပါဘူး။ ၈ ပြည်နယ်ကိုလည်း ကျနော်တို့က တရားဝင်မကိုင်စွဲပါဘူး။ ကျနော်တို့တိုင်းရင်းသားလူမျိုးအသီးသီးဟာ ကိုယ်ပိုင်နိုင်ငံရေး၊ တန်းတူညီမျှမှုရရင်ပြီးတာပဲ။ ၈ ပြည်နယ်မက ၁၀ ပြည်နယ် ၁၅ ပြည်နယ်ပဲဖြစ်ဖြစ် ကျနော်တို့က ပြည်နယ်အရေးအတွက်ကို ကျနော်သိပ်ပြီးတော့တင်မထားပါဘူး။

**EYNG** အကိုအခုလိုမြင်တွေ့ချင်တဲ့ နိုင်ငံတော်နဲ့ အခုလက်ရှိနိုင်ငံတော်အခြေအနေက ဘယ်လောက်တောင်ကွာခြားတယ်ဆိုတာကိုပြောပြပါလား။

**စိုင်းမင်းလွင်** လက်ရှိဖြစ်နေတဲ့ဟာက ကျနော်တို့ မြန်မာနိုင်ငံ ဆိုတာကလည်း ဒီမိုကရေစီသုံးပြီးတဲ့နောက်မှာ ကမ္ဘာမပြောပါနဲ့ အာဆီယံမှာတောင် နောက်ဆုံးအခြေအနေရောက်နေပြီဘဲလေ။ ဒါဟာဘာလဲဆိုတော့ ဇစ်မြစ်က ကျနော်တို့ပြည်တွင်းစစ်မရပ်စဲတဲ့ကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှုရှိဦးမှာမဟုတ်ဘူး။ ဒီတော့ ပြည်တွင်းစစ်တွေရပ်စဲဖို့ ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ဆိုတာက စစ်မှန်တဲ့တိုင်းရင်းသားတန်းတူအခွင့်အရေးရရှိဖို့ဖြစ်တယ် ပေ့ါဗျာ။

**EYNG** စစ်အစိုးရက စစ်တန်းလျားမပြန်ဘဲ တိုင်းပြည်ကိုကောင်းကောင်းအုပ်ချုပ်မယ်ဆိုရင် အကိုတို့ဘယ်လိုသဘောထားမလဲ။

**စိုင်းမင်းလွင်** ကျနော်တို့ကတော့ နောက်ဆုံးအခြေအနေအထိကိုနိုင်ငံရေးနည်းလမ်းနဲ့တက်သွားရမယ်။ ဘာကြောင့်လဲဆိုတော့ လက်ရှိသူတို့ရေးဆွဲတဲ့အခြေခံဥပဒေက ၄၅ နှစ်ကြာစစ်အစိုးရကနေပြီးတော့နှစ်ပေါင်း ၄၅၀ နှစ်လောက်တရားဝင်စစ်အစိုးရဖြစ်အောင်လုပ်တာဘဲလေ။ ဒါဟာ သူတို့ရေးဆွဲတဲ့အခြေခံမှုကကျနော်

တို့တိုင်းရင်းသားတွေတင်မကပါဘူး။ ဗမာတွေ၊ တိုင်းရင်းသားတွေ အားလုံးတပြေးညီနစ်နာမှာဘဲ။ အကျိုးရှိမှာကတော့ တစ်ခုပါဘဲ။ အဲဒါ က မဟာစစ်အာဏာရှင်ဝါဒဘဲ။ ဒီတော့ကျနော်တို့ ကတော့ကာကွယ် သွားရမှာဘဲ။ ကျနော်တို့ တိုင်းရင်းသားအခွင့်အရေးအတွက် ဆက် လုပ်သွားရမှာဘဲ။

**EYNG** နအဖ ကဘယ်လိုစစ်အစိုးရမျိုးလဲရှင့်။

**စိုင်းမင်းလွင်** အခုရှင်းနေတာဘဲလေ။ သူတို့က တရားမဝင်တဲ့ အစိုးရတစ်ခုကိုး။ သူတို့ဥပဒေနဲ့သူတို့ကျင့်သုံး တယ်ဆိုတာက ဥပဒေမရှိတဲ့အစိုးရလို့ဘဲပြောရမယ်။ သူတို့ဘက် ကလာတဲ့ အာဏာ၊ ဥပဒေပဲဖြစ်တယ်လေ။ ဒါကြီးက မဖြစ်သင့်ဘူး။ ဘယ်လိုအာဏာရှင်နိုင်ငံမျိုးဘဲဖြစ်ဖြစ် ဒါမျိုးတွေလုပ်တယ်ဆိုတာ ကမ္ဘာမှာလည်း အင်မတန်မျက်နှာငယ်ဖို့ကောင်းတယ်ဗျာ။

**EYNG** အကိုမြင်ချင်တွေ့ချင်တဲ့ နိုင်ငံတော်မျိုး တည်ဆောက် ဖို့အတွက်ပိတ်ဆို့နေတဲ့အရာတွေက ဘာတွေလို့ ပြောနိုင်မလဲ။

**စိုင်းမင်းလွင်** ပထဝီနိုင်ငံရေးအရဆိုရင် လက်ရှိအိန္ဒိယနဲ့တရုတ်က စစ်အစိုးရကို ထောက်ပံ့နေတယ်။ သူတို့သက်ဆိုး ရှည်နေဦးမှာဘဲလေ။ အမေရိကန်နဲ့ဥရောပတွေကတော့ပိတ်ဆို့တယ်။ ဒါပေမဲ့ အိန္ဒိယတို့၊ တရုတ်တို့ဖွင့်ပေးနေလို့သာ သူတို့သက်ဆိုးရှည် နေကြတယ်။ ပထဝီအနေအထားအရအဓိကအရေးပါနေတာကတော့ တရုတ်ပဲ။ တရုတ်ဆိုတာ ဗီတိုအာဏာနဲ့ အမြဲတမ်းကာဆီးကာဆီး လုပ်ခဲ့တာဘဲဆိုတော့ ဗမာစစ်အာဏာရှင်ကို ရှင်းရှင်းနဲ့ပွင့်ပွင့်လင်းလင်း ပြောရရင် တရုတ်အားကိုးနဲ့ ကမ္ဘာ့ဒီမိုကရေစီအသိုင်းအဝိုင်းကိုတောင် မှ ကလန်ကဆန်လုပ်ရဲတာဘဲလေ။

**EYNG** ၈၈ကတည်းက အကို့ဖြတ်သန်းမှုတွေထဲက ရင်ထဲ မှာကျန်နေခဲ့တာ တခုကိုပြောပြပါလား။

**စိုင်းမင်းလွင်** ရဲရဲတောက်တောက်ကျနော်ပါခဲ့တာဘဲ။ ကျနော် နဖူးစည်းတွေစည်းပြီးတော့လည်းရှေ့တန်းမှာ ရပ်ခဲ့ တယ်။ ရပခ စစ်ဌာနချုပ်ရောက်ပြီးတော့လည်း ပြည်သူ့စစ်တပ်က တပ်မတော်သားတွေပါဝင်လာနိုင်ဖို့ ပြည်သူ့စစ်သား ဒို့စစ်သား၊ ပြည်သူ့ချစ်သား ဒို့စစ်သား ဆိုပြီးတော့ ငယ်ငယ်ရွယ်ရွယ်လေးတွေနဲ့ ကျနော်တို့သွားပြီးတော့ စည်းရုံးခဲ့တာဘဲ။ ဒါက ကျနော်တို့ဘက်က မမေ့နိုင်တဲ့ဟာလေးတွေပေါ့။ လက်တွေ့ဖြစ်လာတာကတော့ ကျနော် တို့ဘက် ဆုံးရှုံးမှုတွေဖြစ်လာတယ်။

မမေ့နိုင်ဆုံးအရာက ၈၈ အရေးတော်ပုံမှာ ကျဆုံးသွားတဲ့ ကျနော်တို့ရဲဘော်လေးတွေက အသုဘကိုသွားပြီးသင်္ဂြိုဟ်၊ မြေမြှုပ်တဲ့ အခါ မိုးကလည်းရွာနေတယ်။အားလုံးကလည်းလူစုတွေကွဲသွားတယ်။ ဒါပေမဲ့ဘယ်သူကနှိုးဆော်လိုက်လဲမသိဘူး။လုံ့ချည်အစိမ်းနဲ့အင်္ကျီအဖြူ ဝတ်ထားတဲ့ကျနော်တို့ကျောင်းသားတွေက မြေမြှုပ်ထားတဲ့ ကျောင်းသားတွေရဲ့မြေပုံလေးကို ပတ်ပတ်လည်ဝိုင်း လက်ချင်းဆက်– နိုင်ငံတော်သီချင်းကြွေးကြော်သီဆိုလိုက်တယ်။ အသုဘလာပို့ကြတဲ့ ဆရာ၊ ဆရာမတွေ ပြည်သူလူထုတွေအကုန်လုံး မျက်ရည်လည်သွား တယ်။ ကျနော်တို့ ငိုသံတွေကြားထဲကနေ သူငယ်ချင်းတွေရဲ့ ဈာပနကို ပြီးအောင်ဂုဏ်ပြုလိုက်ပါတယ်။ ဒါတွေတော့မမေ့နိုင်ပါဘူး။

❑ ❑ ❑

# စဝ်ဆိုင်စစ် ဈာပန

ရော်နယ်အောင်နိုင် BBC18/8/07

သျှမ်းပြည်တိုးတက်ရေးပါတီ **SSPP** ဥက္ကဋ္ဌနဲ့ သျှမ်းပြည်တပ် မတော်စစ်ဦးစီးချုပ်တာဝန်ယူဖူးသူ သျှမ်းခေါင်းဆောင်ခွန်ကြာနု (ခေါ်) စဝ်ဆိုင်ဆစ်ရဲ့ရုပ်အလောင်းကို သျှမ်းပြည်အလံအုပ်ပြီး ၁၈၊၈၊၀၇ နေ့လည်သုံးနာရီအချိန်ချင်းမိုင်မြို့သုသာန်တနေရာမှာမီးသင်္ဂြိုဟ်ခဲ့ပါတယ်။ ဈာပနအခမ်းအနားမှာ ဆွေမျိုးမိတ်သင်္ဂဟတွေ၊ သျှမ်းပြည်အရေးလှုပ် ရှားသူတွေ၊ အတိုက်အခံအဖွဲ့အစည်းတွေ၊ ရပ်ဝေး ရပ်နီးခေါင်းဆောင် တွေစုစုပေါင်းလေးရာလောက်တက်ရောက်ကြပါတယ်။ ခွန်ကြာနုရဲ့ ဈာပနကို ဂုဏ်ပြုနှုတ်ဆက်တဲ့အနေနဲ့ မြန်မာ့အရေးလှုပ်ရှားတဲ့သူ တွေက သဝဏ်လွှာတွေ၊ လွမ်းသူ့ပန်းခွေတွေ အမြောက်အများ ပေးပို့ခဲ့ တယ်လို့ ဈာပနကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်စိုင်းက အခုလိုပြော ပြပါတယ်။

*"နိုင်ငံခြားကဆို အဓိက စင်ဟန်ယောင်ဟွေ့လာတယ်။ ထိုင်း ထဲမှာ ဘန်ကောက်ကလာတာရှိတယ်။ နောက်ပြီး မဲဟောင် ဆောင်၊ မဲဆောက်၊ဖှန်၊ ပိန်းလုံ၊ ချင်းရိုင်း၊ မယ်ဆိုင်ဘက်ကလည်းလာတာရှိ တယ်။ ပုဂ္ဂိုလ်အရပို့လာတဲ့သဝဏ်လွှာကနောက်ဆုံးစာရင်းအရ ဖ၀ စောင်။ အသင်းအဖွဲ့အနေနဲ့ ပို့လာတာက ၃၂ စောင်၊ ပန်းခွေတွေ ကတော့ ၅၂ ရှိတယ်။"*

ရုပ်ကလာပ်ကို ဘုန်းကြီးကျောင်းကနေ နာရီဝက်လောက်ဝေး တဲ့သုသာန်ဆီ စီတန်းလမ်းလျှောက်ပို့ဆောင်ခဲ့ပါတယ်။ မီးသင်္ဂြိုဟ်တဲ့ နေရာမှာ သျှမ်းခေါင်းဆောင်တွေ နှုတ်ဆက်စကားအသီးသီးပြောပြီး ပရိသတ်အားလုံး ၁ မိနစ်ငြိမ်ကာ သျှမ်းခေါင်းဆောင်ခွန်ကြာနုကို နောက်ဆုံးဂါရဝပြုခဲ့ကြပါတယ်။ ❑

# စဝ်ဆိုင်စစ် (ဝါ) ခွန်ကြာနု (၁၉၃၅ -၂၀၀၇)

ရော်နယ်အောင်နိုင် (BBC 14/08/07)

သျှမ်းပြည်ဖွဲ့စည်းပုံရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌလည်းဖြစ် သျှမ်းဒီမိုကရက်တစ်ပါတီ ယာယီဥက္ကဋ္ဌလည်းဖြစ်သူ စဝ်ဆိုင်စစ်ခေါ် ခွန်ကြာနုဟာ ၁၉၃၅ တောင်ကြီးမြို့မှာမွေးဖွားခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်က **ISG** အောင်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာပညာသင်ကြားစဉ် သျှမ်းစာပေယဉ်ကျေးမှုအသင်း သျှမ်းပြည် ကျောင်းသားများအဖွဲ့မှာပါဝင်ခဲ့ပါတယ်။ ၁၉၅၉ မှာ နွမ်စစ်ဟန်သျှမ်းတော်လှန်ရေးအဖွဲ့ထဲဝင်ရောက်ပါတယ်။ ၁၉၆၄ သျှမ်းပြည်တပ်မတော် **SSA** တည်ထောင်ရာမှာ **SSA** တပ်မဟာ ၃ တပ်မှူးအဖြစ်တာဝန်ယူခဲ့ပါတယ်။ **SSA** ရဲ့နိုင်ငံရေးဦးဆောင်ပါတီဖြစ်တဲ့ သျှမ်းပြည်တိုးတက်ရေးပါတီ **SSPP** ကို ၁၉၇၁ စတင်ဖွဲ့စည်းချိန်မှာတော့ ပါတီဥက္ကဋ္ဌတာဝန်နဲ့ စစ်ဦးစီးချုပ်တာဝန်ကိုထမ်းဆောင်ခဲ့ပါတယ်။ **SSPP** ထဲ ကွန်မြူနစ်လိုလားတဲ့ တပ်မှူးတွေနေရာရလာပြီးနောက်ပိုင်း ၁၉၇၆ မှာ လက်နက်ကိုင်တော်လှန်ရေးကနေ အနားယူလိုက်ပါတယ်။ သျှမ်းဒီမိုကရက်တစ်သမဂ္ဂ **SDU** ကို ၁၉၉၆ မှာ တည်ထောင်တုံးကလည်း ပါဝင်ခဲ့ပါတယ်။ **ENC** တိုင်းရင်းသားလူမျိုးများကောင်စီလို့ နောက်ပိုင်းနာမည်ပြောင်းခေါ်လာတဲ့ **ENSC** တည်ထောင်တဲ့ ၂၀၀၁ မှာလည်း တခြားတိုင်းရင်းသားခေါင်းဆောင်တွေနဲ့အတူပါဝင်ခဲ့ပါတယ်။စစ်မှန်တဲ့ **Federal** ပြည်ထောင်စု ပေါ်ပေါက်လာရေးဟာ တိုင်းရင်းသားအားလုံးရဲ့ တာဝန်ဖြစ်တယ်လို့ပြောပြဖူးပါတယ်။

*"လွတ်လပ်ရေးရလာတာလဲ ပင်လုံစိတ်ဓါတ်ကနေအခြေခံပြီးမှရလာတဲ့ ပြည်ထောင်စု၊ အဲဒီတော့ ပင်လုံစိတ်ဓါတ်ပြန်ဖေါ်ထုတ်ပြီးတော့ ပြည့်ဝတဲ့မှန်ကန်တဲ့ပြည်ထောင်စုကို ပြန်ထူထောင်ဖို့ကြိုးစားနေတာဖြစ်တယ်။ ဖြစ်မြောက်အောင်လုပ်ဖို့က အားလုံးရဲ့တာဝန်ဖြစ်တယ်လို့ကျနော်ယူဆပါတယ်။"*

အသက် ၇၂ အရွယ်မှာ ကွယ်လွန်သွားတဲ့ သျှမ်းခေါင်းဆောင် ခွန်ကြာနုဟာ ကွယ်လွန်ချိန်အထိသျှမ်းပြည်ဖွဲ့စည်းပုံအခြေခံရေးဆွဲရေးကော်မတီဥက္ကဋ္ဌတာဝန်နဲ့ သျှမ်းဒီမိုကရက်တစ်သမဂ္ဂ ယာယီဥက္ကဋ္ဌတာဝန်တွေကိုယူခဲ့သလို တိုင်းရင်းသားလူမျိုးများကောင်စီ **ENC** ရဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ်လဲတာဝန်ယူခဲ့ပါတယ်။

သျှမ်းတိုင်းရင်းသားခေါင်းဆောင်ခွန်ကြာနုဟာ သျှမ်းလက်နက်ကိုင်တော်လှန်ရေးအစမှာ ပါဝင်ခဲ့သလို ကွယ်လွန်ချိန်အထိ သျှမ်းအမျိုးသားတို့ရဲ့အခွင့်အရေးအတွက်တိုက်ပွဲဝင်ခဲ့သူပါ။ မြန်မာနိုင်ငံသမ္မတဟောင်းစဝ်ရွှေသိုက်ရဲ့သားလဲဖြစ်၊ သျှမ်းခေါင်းဆောင်တစ်ဦးလဲဖြစ်တဲ့ စဝ်ဟန်ယောင်ဟွေက ခွန်ကြာနုရဲ့ အကြောင်းကိုပြန်တွေးရင် သူ့စိတ်ထဲမှာအထူးအမှတ်ရမှုတွေကို အခုလိုပြောပါတယ်။

*"တခုမှတ်မိတာက လူငယ်တွေကိုဂရုစိုက်ပြီးပြုစုပျိုးထောင်ရာမှာ သူစိတ်ရှည်တာအင်မတန်ချီးကျူးဖို့ကောင်းပါတယ်။ လူငယ်တွေခေါင်းဆောင်ဖြစ်လာအောင်သင်ပေးနိုင်တာ တကယ်ပဲချီးကျူးစရာတခုဖြစ်ပါတယ်"*

ပြည်တွင်းမှာ သျှမ်းခေါင်းဆောင်တွေအဖမ်းခံရချိန်မှာ ခွန်ကြာနုလိုသျှမ်းခေါင်းဆောင်တယောက်ဆုံးသွားမှုဟာ သျှမ်းတော်လှန်ရေးကိုဘယ်လောက်ထိခိုက်နိုင်မလဲဆိုတာကို အခုလိုပြောပါတယ်။

*"ခေါင်းဆောင်တယောက်ဆုံးရှုံးတာဟာ နစ်နာထိခိုက်မှုတကယ်ကိုရှိပါတယ်။ ဒါပေမဲ့ စဝ်ဆိုင်ဆစ် လုပ်လာတဲ့လုပ်ငန်းကတယောက် ထဲလုပ်ခဲ့တာမဟုတ်ဘူး။ တခြားခေါင်းဆောင်၊ တခြားလူကိုတချိန်လုံးအားပေးနေတော့ သူ့နောက်မှာအလုပ်အမှုဆောင်ဖွဲ့ခဲ့တယ်။ သူဆုံးသွားပေမဲ့လုပ်ငန်းအနေနဲ့တော့ ဆုံးရှုံးမှာမဟုတ်ဘူး။ သျှမ်းပြည်တော်လှန်ရေးစလာချိန်ကတည်းကသျှမ်းအဖွဲ့တွေအများကြီးရှိပါတယ်။ သူဟာညီညွတ်ရေးကို တဖွဲ့ပြီးတဖွဲ့ တဆင့်ပြီးတဆင့် အဓိကထားလုပ်ခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးများကောင်စီမှာလဲ အကြံပေးပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူဆုံးသွားပေမဲ့ သူတည်ဆောက်ထားတဲ့ ညီညွတ်ရေးကတော့ ဆက်ပြီးခိုင်မာသွားမယ်လို့ကျနော်ယုံကြည်ပါတယ်။"*



Photo : SHAN

ခွန်ကြာနုကို သျှမ်းတိုင်းရင်းသားခေါင်းဆောင်တွေမက အခြားတိုင်းရင်းသားခေါင်းဆောင်တွေကော ဒီမိုကရေစီအင်အားစုတွေကပါ ချစ်ခင်လေးစားတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများကောင်စီ **ENC** ရဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျံမှုန်းဆာခေါင်းကတော့ *"ခွန်ကြာနုဟာ ပြည်ထောင်စုမှုကို အသည်းထဲနှလုံးသားထဲ စွဲစွဲမြဲမြဲဆုပ်ကိုင် ယုံကြည်သူတစ်ဦးဖြစ်တယ်လို့ ပြောပါတယ်။*

*ရှစ်လေးလုံးအရေးတော်ပုံနောက်ပိုင်းထွက်ပေါ်လာတဲ့ခေါင်းဆောင်သစ်လူငယ်တွေဟာ စစ်မှန်တဲ့ပြည်ထောင်စုဖြစ်ရမယ်ဆိုတာ အားလုံးသဘောတူတာတွေ့ရပါတယ်။ ခွန်ကြာနုလိုခေါင်းဆောင်မျိုး တသက်လုံးတစိုက်မတ်မတ် တော်လှန်ရေးတိုက်ပွဲဝင်လာခဲ့တာဟာ အသည်းထဲနှလုံးသားထဲမှာ ပင်လုံစိတ်ဓါတ်ရှင်သန်တာဖြစ်တယ်လို့ ကျနော့်အနေနဲ့ပြောချင်ပါတယ်။"*

၈၈ နောက်ပိုင်း ဒီမိုကရေစီရေးလှုပ်ရှားကြတဲ့ မျိုးဆက်သစ်လူငယ်တွေကလည်း ခွန်ကြာနုကိုချစ်ခင်လေးစားကြပါတယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က ...

*"အရမ်းစိတ်မကောင်းစရာသတင်းတခုပါ။ ကျနော်တို့အားလုံးအတွက် ဆုံးရှုံးမှုတခုဖြစ်ပါတယ်။ အထူးသဖြင့်ပြည်ထောင်စုစနစ်ကိုယုံကြည်တဲ့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ်မှာ တစိုက်မတ်မတ်ရှိတဲ့ရဲဘော်ရဲဘက်များအားလုံးအတွက် ဆုံးရှုံးမှုတစ်ခုဖြစ်တယ်လို့ ကျနော့်အနေနဲ့ပြောချင်တယ်။"*







S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org